နေ့စွဲ – ၂၄. ၄. ၂၀၁၁

## ခရစ်တော်၏နိမ့်ကျစွာမွေးဖွားခြင်း

(Christ's Lowly Birth)

ခရစ်တော်၏ဖွားမြင်ခြင်းအကြောင်း၊ သူ့ငယ်စဉ်ဘဝဖြစ်ပျက်သမျှ ကျွန်တော်တို့သိရသမျှကို လေ့လာကြည့်သော်၊ ထိုအဖြစ်အပျက်အားလုံးက အထူးပြုလျှက် ပေါ်ပြုချင်သည်မှာ သူသည် ဆင်းရဲခြင်း၊ ငြင်းပယ်ခံရခြင်း၊ ဒုက္ခခံရခြင်း၊ ညှဉ်းဆဲနှိပ်စက်ခံရခြင်းတို့သို့ ဖွားမြင်လာခဲ့သည် ဆိုသည့်အကြောင်းဖြစ်ပါသည်။ ဗက်လင်မြို့ငယ်ကလေး၊ နွားတင်းကုပ်၊ နွားစာခွက်၊ အနှီးစများ၊ ဆင်းရဲလှသောသိုးကျောင်းသားများ၊ အီဂျစ်ပြည်သို့ ပြေးရခြင်း – စသည်တို့ကလည်း အထက်ကပြောသည်ကို ထောက်ခံနေကြပါသည်။

အဘယ်ကြောင့် မွေးဖွားခြင်းအကြောင်းကို ထိုမျှအသေးစိတ်ပြောပြပါသနည်း? အဘယ်ကြောင့် သူ၏နိမ့်ကျစွာဖွားမြင်ခြင်းကို ထိုမျှအထူးပြုရပါသနည်း? အဘယ်ကြောင့်ဆိုသော် သူ၏နှိမ့်ချခြင်းအခြေအနေတွင် နိမ့်ကျစွာဖွားမြင်ခြင်းသည် ပထမခြေလှမ်းဖြစ်သောကြောင့်ဖြစ်ပါသည်။ မွေးဖွားစကပင် ဘုရားသခင်သည် သူ့ကို ကျွန်တော်တို့ကိုယ်စား အပြစ်သားအဖြစ် စတင်ကိုင်တွယ်သောကြောင့် ဖြစ်ပါသည်။

သို့သော် ထိုအကြောင်းကို ကျွန်တော်တို့သနားရန်၊ မည်သူကမျှ သူ့လောက်ဆင်းရဲစွာ အပြစ်ပယ်ခံရလျှက် ခံစားရဘူးသူမရှိပါဟု သဘာပေါက်ရန် ပြောပြနေခြင်းမဟုတ်ပါ။ လူမှုရေးသင်ခန်းစာအကြောင်း မဟုတ်ပါ၊ လူမှုဘဝပြုပြင်ပြောင်းလဲကြစို့ဆိုသည့် ခေါ်နေသံလဲ မဟုတ်ပါ။ ဆင်းရဲခြင်းနှင့်ဝေဒနာခံစားခြင်းများကို ရပ်တန့်ကြပါစို့ဟု ကြွေးကြော်နေခြင်းလည်းမဟုတ်ပါ။ ထိုအကြောင်းအရာသည် သတင်းကောင်း၏အစိတ်အပိုင်းတခုဖြစ်ပါသည်။ ထိုသို့နိမ့်ကျစွာမွေးဖွားခြင်းကို ကျမ်းစာက မှတ်တမ်းတင်ခြင်းမှာ ယေရှုသည် ကျွန်တော်တို့၏ကယ်တင်ရှင်အမှန်ဖြစ်သည်ဟု ပြောပြရန်ဖြစ်ပါသည်။

ကျမ်းစာက သူ၏နိမ့်ကျစွာမွေးဖွားရခြင်းအကြောင်းကို ယခုလိုပြောပြပါသည်၊ "သူ့ကို ငါတို့အတွက် အပြစ်သားဖြစ်လာစေသည်၊ အပြစ်တခုကိုမျှမပြုသူဖြစ်သည်၊ သူ့အားဖြင့် ငါတို့သည် ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်နိုင်ကြရန်ဖြစ်သည်၊" (၂ကော ၅း၂၁)။ သူ၏နိမ့်ကျစွာဖွားမြင်ခြင်း၊ အရှက်ခွဲခံရခြင်း၊ ဆင်းရဲနွမ်းပါးလှခြင်းတို့သည် သူ့လူများကိုကယ်တင်ရန် ပြုလုပ်ပေးခြင်းများ၏အစိတ်အပိုင်းတခုဖြစ်ပါသည်။

ထိုအချက်ကို ၂ကော ၈း၉ တွင် ရှင်းလင်းစွာပြောပါသည်၊ "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏။" "ဆင်းရဲခြင်းကိုခံတော်မူသည်" ဟုပြောခြင်းသည် သူ၏လူ့ဇာတိကိုခံတော်မူခြင်း၊ ထို အဖြစ်အပျက်နှင့်ဆက်စပ်နေသည့်အကြောင်းအရာများ စသည်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ သူ၏ဆင်းရခြင်းဖြင့် ကျွန်တော်တို့သည် ချမ်းသာလာကြရန်ဖြစ်သည်၊ လောကစည်းစိမ်ငွေကြေးများဖြင့် ချမ်းသား ခြင်းကို မဆိုလိုပါ၊ သူ့အထဲ၌ရှိနေတော်မူသော ကယ်တင်ခြင်း၏ကြွယ်ဝမှုများဖြင့် ချမ်းသာခြင်းကို ဆိုလိုပါသည် (ဧ ဖက် ၁း၃)။

သူ၏ဝေဒနာခံစားခြင်းများအားလုံးသည် ကျွန်တော်တို့၏ကယ်တင်ခြင်းဖြစ်ပါသည်။ သူ၏အရှက်ခွဲခံရခြင်းသည်၊ ကျွန်တော်တို့၏မြင့်တင်ခံရခြင်းဖြစ်ပါသည်။ သူ၏နိမ့်ကျခြင်းသည် ကျွန်တော်တို့၏ခန်းနားရခြင်းဖြစ်ပါသည်။ တကယ့်ကယ်တင်ရှင်ဖြစ်ပါသည်တကား!

သူသည် မွေးစကပင် ကျွန်တော်တို့၏ကယ်တင်ရှင်ဖြစ်ဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့သည်အပြစ်သားများအဖြစ်၊ ပျက်ဆီးယိုယွင်းလျှက် မွေးဖွားလာခဲ့ကြသလို၊ သူသည်လည်း အပြစ်၏ဒဏ်ခတ်ခံရခြင်းများကို ခံစားလျှက်မွေးဖွားလာရပါသည် (ဆာလံ ၅၁း၅)။ ကျွန်တော်တို့၏တဘဝလုံး(မွေးစမှသေချိန်ထိ)သည် အပြစ်၏အုပ်စိုးမှုအောက်တွင်ဖြစ်နေသဖြင့်၊ ကျွန်တော်တို့၏တဘဝလုံးကို သူ၏ဝေဒနာခံစားခြင်းအသက်တာဖြင့် မဖြစ်မနေကယ်တင်ရန် လိုအပ်ပါသည်။ ထိုဝေဒနာခံစားရခြင်းများသည် လက်ဝါးကပ်တိုင်ပေါ်အသေခံလျှက် အသွေးသွန်းခြင်း၊ အရှက်ကွဲခြင်း၊ ဝမ်းနည်းပက်လက်ဖြစ်ရခြင်းများ၌ အထွဋ်အထိပ်ရောက်ပါသည်။

ထို့ကြောင့် သူ၏ဖွားမြင်ခြင်းအကြောင်းသည် စိတ်ထိခိုက်စရာကောင်းသောပုံပြင်တပုဒ်မဟုတ်ပါ၊ ဘာသာတရားကိုင်းရှိုင်းခြင်းစိတ်ခံစားမှုတရပ်ဖြစ်စေယုံမဟုတ်ပါ၊ သတင်းကောင်းဖြစ်ပါသည်။ သူ၏မွေးဖွားခြင်းအကြောင်းကို ကြားကြရသည့်အခါ၊ တခါက အိုမင်းမစွမ်းဖြစ်နေပြီဖြစ်သော အဖိုးကြီးဆိုင်မွန် ခရစ်တော်ကို ဖွားစအရွယ်၌

**တွေ့ရစဉ် ပြောခဲ့သောစကားကို ထက်ပြောမိနေစေပါသည်၊** "အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ သွားရသောအခွင့်ကို ကိုယ်တော်သည် ယခုပေးတော်မူ၏။ ကိုယ်တော်၏လူ ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှါ၎င်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်းငှါ၎င်း၊ လူအမျိုးမျိုးတို့ရှေ့၌ ပြင်ဆင်တော်မူသောအလင်းတည်းဟူသော ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိဖြင့် မြင်ရပါပြီ" **(လုကာ ၂း၂၉-၃၂)**။

(Doctrine According to Godliness, Rev. Ronald Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (27)

**၁၁း၃-၄**

**၃** - ငါ၏သက်သေခံနှစ်ပါးကို ငါအခွင့်ပေးမည်။ သူတို့သည် လျှော်တေအဝတ်ကိုဝတ်လျက်၊ အရက်ထောင်နှစ်ရာခြောက်ဆယ် ပတ်လုံး ပရောဖက်ပြုကြလိမ့်မည်။ ၄- ထိုသူတို့သည်ကား၊ မြေကြီးအရှင်၏ရှေ့တော်၌ စိုက်ထားသော သံလွင်ပင်နှစ်ပင်နှင့် မီးခွက် နှစ်လုံးဖြစ်သတည်း။

**၁။ ငါ၏သက်သေခံနှစ်ပါးဟုပြောနေသူသည် သခင်ခရစ်တော်ကိုယ်တိုင်ဖြစ်ပါသည်။ သက်သေခံဆိုသည်မှာ အကြောင်းအရာတခုခုကို တွေ့မြင်ကာ၊ ထိုအကြောင်းအရာကို ပြန်ပြောပြသူဖြစ်သည်။ ယခုတွင် ခရစ်တော်၏သက်သေခံများဟုပြောထားသဖြင့်၊ သူတို့ကို သခင်ခရစ်တော်ကပိုင်ဆိုင်သလို၊ သူတို့ကလည်း သခင်ခရစ်တော်၏အကြောင်းကိုသာ ပြန်ပြောပြကြခြင်းဖြစ်သည်။ ထိုနှစ်ယောက်ကို လူအများက ဓမ္မဟောင်းကာလမှ မောရှေနှင့်ဧလိယတို့ဟု အမှတ်မှားနေကြပါသည်။ ထိုသူနှစ်ယောက်ကို ပြောနေခြင်းမဟုတ်ပါ။ အသင်းတော်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ထိုအချိန်ရှိနေမည့် အရေအတွက်နည်းပါးသော စစ်မှန်သည့်အသင်းတော်ငယ်ကလေးကိုပြောနေခြင်းဖြစ်ပါသည်။ နှစ်ဆိုသောနံပတ်သည်၊ အရေအတွက်နည်းခြင်းကို ပုံဆောင်သောနံပတ်ဖြစ်ပါသည်။ အသင်းတော်သည် သခင်ယေရှုပြန်လည်ကြွလာခါနီးတွင် အရေအတွက် အလွန့်အလွန်နည်းနေမည်ကိုပြောခြင်းဖြစ်သည်။**

**၂။ သက်သေခံမည့်နေ့ရက်ကာလမှာ ရက်ပေါင်း (၁၂၆၀)ဖြစ်သည်။ လ အားဖြင့်ဆိုလျှင် (၄၂)လ ဖြစ်သည်။ နှစ်အားဖြင့်ဆိုလျှင် သုံးနှစ်ခွဲဖြစ်သည်။ ဤနေရာတွင် ရက်အားဖြင့် ပြောနေရခြင်းမှာ ဆက်တိုက်ဖြစ်ခြင်းကို အဓိကပြောချင်၍ဖြစ်သည်။ နေ့တိုင်း သက်သေခံနှစ်ဦးတို့က သက်သေခံမည်၊ ပရောဖက်ပြုမည်ဟုဆိုလိုခြင်းဖြစ်သည်။ ပရောဖက်ပြုသည်ဆိုသည်မှာ ရှေ့တွင်ဘာဖြစ်မည်ကို ကြိုတင်ပြောခြင်းမဟုတ်ပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောခြင်းကိုဆိုလိုသည်။**
**ထိုသက်သေခံနှစ်ပါးတို့သည် လျှော်တေအဝတ်(ဟောင်းနွမ်းဆုတ်ပြဲနေသောအဝတ်)ကို ဝတ်ကြသည်ဆိုခြင်းမှာ ထိုခေတ်အချိန် အသင်းတော်၏လမ်းလွဲနေမှုများကြောင့် ဝမ်းနည်းခြင်းကိုပြောပြသလို၊ စစ်မှန်သောအသင်းတော်တို့၏ အနှိမ်ခံရခြင်းအဖြစ်ကိုလည်း ပြညွှန်ပါသည်။ ခရစ်တော်အကြောင်းကို မှန်ကန်စွာသက်သေခံ၍ ကမ္ဘာလောကကြီး ၏ ဒုက္ခပေးခြင်းခံရမှုများကို ပုံဆောင်ခြင်းဖြစ်သည်။**

**၃။ "ငါအခွင့်ပေးမည်"ဟုဆိုထားသောကြောင့် ပရောဖက်ဖြစ်စေသူသည် ခရစ်တော်ဖြစ်ပါသည်။ ခရစ်တော်မရှိလျှင် ပရောဖက်ဖြစ်လာရန် ဘိသိတ်ပေးခြင်း၊ ခေါ်တော်မူခြင်း၊ လုပ်ကိုင်နိုင်ခြင်း၊ အသိပညာ၊ အလင်းနှင့်ယုံကြည်ခြင်းတို့ မရှိနိုင်ပါ။ ထိုအချက်သည် အရေးကြီးပါသည်။ ထိုအချိန်ကမ္ဘာကြီးသည် အန္တိခရစ်၏ ခရစ်ယာန်ဆန့်ကျင်သော အတွေးအခေါ်၊ စွမ်းဆောင်နိုင်ခြင်းများဖြင့် ပြည့်လျှက်၊ အသင်းတော်ကို နည်းမျိုးစုံဖြင့် နှိမ်ထားချိန်ဖြစ်သည်။ သို့သော် ခရစ်တော်က သူ၏နှုတ်ကပတ်တော်အား အသင်းတော်အားဖြင့် ကြေညာခြင်းကို စဉ်ဆက်မပြတ် ဖြစ်စေနေမည့် အကြောင်းကို ပြောပြနေခြင်းဖြစ်ပါသည်။**

**၄။ ထိုသူတို့ကို သံလွင်ပင်နှစ်ပင်၊ မီးခွက်နှစ်လုံးဟုလည်း ခေါ်ပါသည်။ ထိုအချက်ကို ဇာခရိအနာဂတ္တိကျမ်းမှယူထားခြင်းဖြစ်သည်(ဇာခရိ ၄း၁၄)။ အဓိပ္ပါယ်မှာ အသင်းတော်ကိုဆိုလိုခြင်းဖြစ်သည်။ အသင်းတော်သည် ဤကမ္ဘာကြီး၏ အလင်းဖြစ်သည်။ အသင်းတော်ကို ဘုရားသခင်၏နိုင်ငံတော်ဟုလည်း ခေါ်ပါသည်။ ကမ္ဘာကြီးက မည်မျှပင် မလိုမုန်းထားဖြစ်နေသော်လည်း၊ အသင်းတော်မရှိရန် နည်းမျိုးစုံဖြင့်ခြေမှုန်းနေသော်လည်း၊ ခရစ်တော်က အသင်းတော်ကို ကမ္ဘာကြီးအလယ်တွင် အမြဲထားရှိပါမည်၊ လူ့ခွန်အားအစွမ်းသတ္တိဖြင့်မဟုတ်ပါ၊ သခင်ဘုရား၏ဝိညာဉ်တော်အားဖြင့်ဖြစ်ပါသည်။ မီးခွက်လင်းဖို့ရာ ဆီလိုအပ်ပါသည်၊ သူ့ဘာသာသူ မလင်းနိုင်ပါ၊ ၎င်းကို သံလွင်ပင်မှရ**

သောဆီဖြင့် ပုံဆောင်ဖေါ်ပြပါသည်၊ ဝိညာဉ်တော်၏ကျေးဇူးတရားဖြင့် အသင်းတော်သည် အညမဲ့လင်းနေပါမည်။ ဇာခရိအနာဂတ္တိကျမ်းတွင် ထိုသံလွင်ပင်နှစ်ပင်ကို ဇေရုဗဗေလနှင့် ယဇ်ပုရော်ဟိတ်မင်းယောရှုတို့ဟုပြောပါသည်။ ထို့ကြောင့် အသင်းတော်၏အမှုတော်ဆောင်လူကြီးနှင့်သင်းအုပ်တို့ကို ရည်ညွှန်းပါသည်။

၅။ ထို့ကြောင့် ဗျာဒိတ်ကျမ်းရှိ သက်သေခံနှစ်ပါးကိုလည်း သံလွင်ပင်နှစ်ပင်ဟုပြောထားရာ၊ အသင်းတော်၏သင်းအုပ်များကို ရည်ညွှန်းပါသည်။ သူတို့၏နှုတ်ကပတ်တော်ဟောပြောမှုဖြင့် ဘုရားသခင်သည် အသင်းတော်ကို သူ့အကြောင်းအသိပညာရစေမည်ဖြစ်သည်။ ကျေးဇူးတော်ကို ရရှိစေမည်ဖြစ်သည်။
သူတို့သည် မီးခွက်နှစ်လုံးလည်းဖြစ်သည်။ အသင်းတော်နှင့်အမှုတော်ဆောင်များ၏ အလွန်နီးကပ်နေခြင်းအဖြစ်ကို ပြောနေပါသည်။ အမှုတော်ဆောင်များအားဖြင့် ခရစ်တော်က အသင်းတော်ကို ကောင်းချီးပေးသည်၊ ထိုသို့အမှုတော်ဆောင်ခြင်းဖြင့် အသင်းတော်တခုလုံးက သက်သေခံကြခြင်းဖြစ်သည်။
သူတို့သည် ကမ္ဘာကြီး၏ပိုင်ရှင် ဘုရားသခင်၏ရှေ့တွင် အမြဲရပ်နေကြသည်။ ဘုရားသခင်သည် ကမ္ဘာကြီးတခုလုံးကို ပိုင်ပါသည်။ ရှိသမျှလူအားလုံးအပေါ် အုပ်စိုးပါသည်။ သူသည် အားလုံး၏အရှင်သခင်ဖြစ်သည်။ သူ့ရှေ့တွင်ရပ်နေကြသည်ဆိုသည်မှာ သက်သေခံနှစ်ပါးဖြစ်သောအသင်းတော်သည် ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်သည်။ ဘုရားသခင့်မျက်နှာတော်ရှေ့မှနေ၍ နှုတ်ကပတ်တော်ကို ကြေညာကြသည်။ ထို့ကြောင့် ဩဇာအာဏာအလွန်ရှိသည်။ သူတို့ကြေညာသောစကားမှန်ကြောင်း ကမ္ဘာကြီး၏အရှင်သခင်က လက်တွေ့ဖြစ်လာစေမည်ဖြစ်သည်။

××××××××××××××××××××××××××××××××××××××××××××××××××

## ဘုရားသခင်သည်းခံတော်မူခြင်း၏ (အချုပ်အချာအာဏာပိုင်သော)ရည်ရွယ်ချက်
## (The Sovereign Purpose of God's Forbearance)

(၆)–တဖန်ဥပမာကိုမိန့်တော်မူသည်ကား၊ လူတယောက်သည် စပျစ်ဥယျာဉ်၌စိုက်သောသဖန်းပင်တပင်ရှိ ၏။ ထိုအပင်သို့လာ၍အသီးကိုရှာသော်လည်းမတွေ့။ (၇)–ထိုအခါဥယျာဉ်စောင့်အားလည်း၊"သုံးနှစ်ပတ်လုံး ဤသ ဖန်းပင်သို့ငါလာ၍အသီးကိုရှာသော်လည်းမတွေ့မရ၊ ခုတ်ပစ်လော့။ အဘယ့်ကြောင့်မြေကိုနှောင့် ရှက်ရသနည်း"–ဟုအမိန့်ရှိသော်၊ ဥယျာဉ်စောင့်က"သခင်၊ယခုနှစ်ရှိပါစေဦး။ (၈)–အကျွန်ုပ်သည် အပင်နားပတ် လည်ကိုတူးဆွ၍ နောက်ချေးကိုဖို့ပါမည်။ (၉)–အသီးသီးကောင်းသီးပါလိမ့်မည်။ သို့မဟုတ်နောက်မှခုတ်ပစ်တော်မူပါ"–ဟု လျှောက်လေသည်ဟုမိန့်တော်မူ၏။ (လုကာ ၁၃း၆–၉)

**မိတ်ဆက်စကား**

ဤပုံဥပမာဟောပြောလိုက်ချိန်သည် သခင်ယေရှု'ပီရီးယား'နယ်တွင်ရှိနေချိန်တွင် ဂျေရုဆလင်ဗိမာန် တော်၌ပိလတ်မင်းကျူးလွန်လိုက်သောရက်စက်စွာသတ်ဖြတ်မှုအကြောင်းကို သခင်ဘုရားထံလာရောက်ပြောကြားကြသောအချိန်ဖြစ်၏။ ပိလတ်မင်းသည် ဗိမာန်တော်ထဲတွင်ယဇ်ပူဇော်နေကြသော ဂါလိလဲနယ်သားများကို ဝင်ရောက်သတ်ဖြတ်ခိုင်းလိုက်ခြင်းဖြစ်သည်။ ရှင်လုကာတဦးထဲကသာ ဤအဖြစ်အပျက်ကိုဖေါ်ပြထားပြီး၊ လောကီသမိုင်းဆရာများက ဤကိစ္စကိုနှုတ်ဆိတ်နေကြခြင်းကိုထောက်၍ ထိုခေတ်အခါရောမအင်ပါယာ၏ထမ်းပိုးအောက်မှဂျူ ဒီးယားနယ်သားများအဖို့ မကြာခဏတွေ့ကြုံနေရသောဒုက္ခမျိုးပင်ဖြစ်ကြောင်းသိသာသည်။ ဤသို့သောရက်စက်ယုတ်မာသည့် ပိလတ်မင်း၏ရာဇဝတ်မှုအတွက် အကြောင်းရင်းခံရှိခဲ့လျှင်လည်း ကျမ်းပိုဒ်ထဲတွင်ဖေါ်ပြမထားပါ။

သက်သေထင်ရှားလှသည်မှာ ဂါလိလဲနယ်သားတို့က ယဇ်ပူဇော်သက္ကာများတင်လှူပူဇော်နေကြချိန်တွင် ပိလတ်မင်းလက်အောက်မှရောမစစ်သားများက ဗိမာန်တော်အတွင်းတဟုန်ထိုးဝင်ရောက်၍ ခုခံကာကွယ်နိုင်စွမ်းမရှိသောဂါလိလဲနယ်သားများကို သတ်ဖြတ်ပစ်လိုက်ကြခြင်းဖြစ်သည်။ သူတို့၏သွေးများသည် သူတို့ယူဆောင်လာသောယဇ်ပူဇော်သက္ကာအသွေးများဖြင့်ရောနှောကုန်တော့၏။ ထို့ကြောင့် ဗိမာန်တော်သာမက ယဇ်ပူဇော်ခြင်းတခုလုံးပါ ညစ်ညမ်းသွားရသည်။ သခင်ယေရှုအပါးတွင်ဝန်းယံနေကြသည့် စိတ်အားတက်ကြွနေသောလူအုပ်ကြီးအတွင်းတွင် ဤသတင်းစကားပျံ့နှံ့သွားချိန်တွင်ဖြစ်ပေါ်လာမည့်ကြောက်ရွံ့ဘွယ်အခြေအနေကို လူတိုင်းမှန်းဆကြည့်နိုင်ကြပေမည်။

ထို့အတူ ဤသတင်းကိုယူဆောင်လာကြသောဂျူးတို့၏ရည်ရွယ်ချက်ကိုကျွန်တော်တို့တလွဲမထင်သင့်ပေ။ သခင်ယေရှုကသူတို့ကိုပြောခဲ့သောစကားများအရ ထိုအဖြစ်အပျက်နှင့်ပတ်သက်၍လွန်လွန်ကဲကဲတွေးထင်မှုများရှိနေ

ကြောင်းထင်ရှားသည်။ ဂျူးတို့က ဤအဖြစ်ဆိုးကြီးသည် ဂါလိလဲနယ်သားတို့ကျူးလွန်ခဲ့သောအပြစ်တစုစုအတွက် အထူးစပါယ်ရှယ်ကျရောက်လာသောဒဏ်ခတ်ခြင်းတခုအဖြစ် အနက်ဖွင့်နေကြ၏။ ထိုကဲ့သို့ကြောက်မက်ဘွယ်ရာအထက်ဘုံမှတရားစီရင်ချက်ကိုခံရခြင်းသည် အတော်ဆိုးဝါးသောအပြစ်တခုခုကျူးလွန်ခဲ့၍သာဖြစ်ရမည်ဟုသတ်မှတ်ကြ၏။ သူတို့သည် ကျွန်တော်တို့လည်းမကြာခဏကျူးလွန်မိတတ်ကြသောအမှားကို လုပ်မိနေကြခြင်းဖြစ်သည်။ ထိုအမှားမှာ ကျွန်တော်တို့သော်၎င်း၊ တခြားသူများသော်၎င်း၊ တနည်းနည်းဖြင့်ပြင်းထန်စွာဆုံးမခြင်းခံနေကြရချိန်တွင် ကျွန်တော်တို့ (သို့မဟုတ်)တခြားသူတို့၏ ဘဝထဲတွင်ကျူးလွန်ခဲ့ကြသော အပြစ်တခုခုဖြင့်ဆက်စပ်ပေးရန်ကြိုးစားကြခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့လူများအားတချို့အချိန်များတွင်ဒုက္ခခံစားဖို့ခွင့်ပြုတတ်သည်၊ ဓမ္မဟောင်းကျမ်းထဲမှ'ယောဘ'ဖြစ်စေ၊ သခင်ယေရှုနှင့်တွေ့ခဲ့ရသောမွေးရာပါမျက်ကန်းဖြစ်စေ ဤအချက်မှန်ကန်ကြောင်းသက်သေများဖြစ်ကြ၏။

သို့သော် ထိုသတင်းပို့ချက်ထဲတွင်ထိုမျှမကသောအရာများပါဝင်နေသေး၏။ အဘယ့်ကြောင့်ဆိုသော် ဂျူးများ(ကျွန်တော်တို့လဲပါဝင်နေတတ်သည်) သည်ဤအဖြစ်အပျက်ကို သူတို့ကိုယ်သူတို့ဂုဏ်ပြုရမည့်အဖြစ်အပျက်အဖြစ်ခံ့မှတ်ယူချင်နေကြသည်၊ ဤအဖြစ်အပျက်က သူတို့၏သူတပါးထက်မြင့်မြတ်ခြင်းကိုသက်သေပြလိုက်ခြင်းဖြစ်သည်ဟု ခံယူချင်ကြသည်။ “ငါတို့ဟာ အဲဒီဂါလိလဲကောင်တွေထက်အများကြီးပိုကောင်းကြတယ်ကွ၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီလောက်ကံဆိုးတဲ့အဖြစ်ကြီးမျိုးငါတို့ဆီကိုရောက်မလာလို့ဘဲဖြစ်တယ်”–ဟု ထုတ်ပြောနေကြသယောင်ပင်ဖြစ်၏။

ဤသို့သောမှားယွင်း၍ ဆိုးညစ်သောနိဂုံးကောက်ချက်ချခြင်းကို သခင်ယေရှုကချက်ချင်းပင်မှားယွင်းသည်ဟုချေပလိုက်သည်။ ထိုဂါလိလဲနယ်သားများသည် အပြစ်သားများဖြစ်ကြကြောင်းကို သခင်ယေရှုကမငြင်းပါ။ ဤပြဿနာ၏အဓိကအချက်သည်ဤကိစ္စမဟုတ်ပါ။ အမှန်စင်စစ် ထိုဂါလိလဲနယ်သားများသာဖြောင့်မတ်သူများဖြစ်နေခဲ့လျှင် အဓိကအချက်တခုလုံးမှေးမှိန်သွားဘွယ်ရှိသည်။ သို့သော်သခင်ယေရှုက အသတ်ခံလိုက်ရသောဂါလိလဲနယ်သားများသည် အခြားသောဂါလိလဲနယ်သားများထက်ထူး၍ဆိုးသွမ်းသူများမဟုတ်ကြကြောင်းကို အားလုံးသိအောင်ပြောပြခဲ့သည်။ ထို့နောက် သူပြောလိုသောအဓိကအချက်ကိုပို၍သိသာရလေအောင်(အဘယ့်ကြောင့်ဆိုသော် ဂျူဒီး ယားနယ်သားဂျူးတို့သည် တပါးအမျိုးသားများနှင့်ရောနှောနေထိုင်သော ဂါလိလဲနယ်သားဂျူးတို့ကိုအထင်သေးကြ သောကြောင့်)၊ ဂျေရုဆလင်မြို့တွင်ဖြစ်ပေါ်ခဲ့သောအခြားအမှုအခင်းတခုကို သခင်ယေရှုကပြန်သတိပေးလိုက်သည်။ ‘ရှိလောမ်’မျှော်စင်ပြိုကျသောအဖြစ်အပျက်တွင် လူ(၁၈)ဦးသေဆုံးခဲ့ရသည်၊ သခင်ယေရှုကထိုသူများသည် ဂျေရု ဆလင်မြို့မှအခြားသူများထက်ထူး၍အပြစ်ရှိမနေကြကြောင်း ထောက်ပြခဲ့သည်။

ထိုသို့ပြောလိုက်ခြင်းကြောင့် အဖြေပေးဖို့ရန်လိုလာသောမေးခွန်းမှာ–“လွတ်မြောက်သွားသောဂျူးများ သည်သေသွားသောသူများနှင့်တန်းတူဆိုးညစ်သောသူများဖြစ်ကြသည်ဆိုလျှင်အဘယ့်ကြောင့်သူတို့ဖျက်ဆီးမခံရသနည်း?’–ဖြစ်သည်။ နားထောင်နေသူများ၏နှလုံးသားထဲသို့စူးရှစွာထိုးဖေါက်သွားသော ဤမေးခွန်းကို သခင်ယေရှုက နည်းလမ်းနှစ်သွယ်ပါဝင်သောအဖြေဖြင့် ပြန်ဖြေလိုက်သည်။ (ပထမဆုံး)– သူတို့ကိုယ်သူတို့ဘုရားတရားကြည်ညို သူများဟု ဝါကြွားနေကြသောသူများအပါအဝင်–အစ္စရေးလူမျိုးအားလုံးအတွက် ထိုကဲ့သို့သောတရားစီရင်ခြင်းမှ လွတ်မြောက်ရန်လမ်းမှာ နောင်တရခြင်းလမ်းတခုသာရှိသည်။ (ဒုတိယအချက်)– ဆိုးသောသူအတွက်ဖြစ်စေ၊ ကောင်းသောသူအတွက်ဖြစ်စေ၊ ဘုရားသခင်၏အချုပ်အချာအာဏာပိုင်သောညွှန်ချက်သည် (တရားစီရင်ဖို့ရာ သည်းခံနေလျှင်သော်မှ )ပြည့်စုံရမြဲဖြစ်သည်။ ကျွန်တော်တို့သည် ဤပုံဥပမာကိုအစီပွါယ်ဖွင့်နေကြရင်းနှင့် ထိုမေးခွန်းနှင့်အဖြေတို့ထံသို့မိမိကိုယ်ကိုယ်ပို၍ စစ်ဆေးကြရမည်ဖြစ်၏။

## ပုံဥပမာ၏ ဝိသေသလက္ခဏာများ

ဤပုံဥပမာ၏ဝိသေသလက္ခဏာများကို အနက်ဖွင့်ရာ၌အနက်ဖွင့်သူပညာရှင်များအကြားတွင် အတော်အငြင်းပွားခဲ့ကြရသည်။ စပျစ်ဥယျာဉ်အကြောင်းနှင့်ပတ်သက်လျှင် သခင်ဘုရားက(ဤအချိန်တွင်) စပျစ်ဥယျာဉ်နှင့်ကောင်းကင်နိုင်ငံတော်အကြား ထပ်တူညီမှုတစုံတရာအကြောင်းကို သွန်သင်ပေးဖို့ရည်ရွယ်ချက်မရှိတာလဲဖြစ်နိုင်သည်။ သို့သော် အကယ်၍တစုံတဦးက စပျစ်ဥယျာဉ်ဆိုသည်မှာ ဘုရားသခင်၏နိုင်ငံတော်ကိုပုံဆောင်ခြင်းဖြစ်သည်ဟုဆိုလာပါလျှင် ယေဘုယျသဘောအားဖြင့် အမှန်တရားနှင့်အနီးစပ်ဆုံးဖြစ်ပေမည်။ ထိုသို့ဆိုလျှင် ဤနိုင်ငံတော်သည်
မျက်မြင်ရသောအသင်းတော်နှင့်ထပ်တူညီမှုရှိပေမည်။ဆိုလိုသည်မှာ(ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ၏ အလင်းရောင်အနည်းနှင့်အများထွန်းလင်းနေသောနေရာ၊ ဘုရားသခင်ကသူ၏အသင်းတော်အားစုစည်းထားသော

နေရာ၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ဩဇာအာဏာသက်ရောက်နေသောနေရာ) အတိုချုံး၍ပြောရလျှင် "ခရစ်ယာန်"ဟု ယနေ့ခေတ်အမည်တွင်သောအရာပင်ဖြစ်၏။ ဤအရာသည် အချိန်တည်းဟူသောအရာ စတင်ချိန်မှအဆုံးသတ်ချိန်အတွင်းတွင်ရှိနေမည့် အသင်းတော်၏ပုံရိပ်ပင်ဖြစ်သည်၊ သဖန်းပင်သည် (ဘုရားသခင်၏ အသင်းတော်တခုလုံးထဲမှ အစိတ်အပိုင်းတရပ်အဖြစ်) အစ္စရေးတို့ကိုပုံဆောင်ထားခြင်းဖြစ်သည်။

သဖန်းပင်ဆိုရာ၌အစ္စရေးအမျိုးတခုလုံးကို ရည်ညွှန်းခြင်းဖြစ်ကြောင်း သံသယဖြစ်စရာမလိုပါ။ လူပုဂ္ဂိုလ်တဦးချင်းကို အထူးပြုရည်ညွှန်းခြင်းမဟုတ်ဘဲ၊ (ရုပ်သဘောအရ အာဗြဟံ၏မျိုးစေ့အဖြစ်သိမှတ်ထားသော)လူမျိုးတမျိုးလုံးကိုခြုံငုံ၍ရည်ညွှန်းခြင်းဖြစ်သည်။ ဤအချက်သည် သမ္မာကျမ်းစာအခြားနေရာများတွင် အစ္စရေးအမျိုးကို သစ်ပင်အဖြစ်သော်၎င်း၊ စပျစ်ပင်အဖြစ်သော်၎င်း၊ ရည်ညွှန်းလေ့ရှိကြောင်းတွေ့ရခြင်းအားဖြင့် မှန်ကန်ကြောင်းထင်ရှားနေပါသည်။ ထို့အတူ သဖန်းပင်ကိုကျိန်လိုက်ခြင်းသည် အစ္စရေးအမျိုးကသူတို့၏မေရှိယကိုငြင်းပယ်လိုက်သောကြောင့်ခံစားရလိမ့်ဦးမည့်ကျိန်ခြင်း၏ အထိမ်းအမှတ်ဖြစ်ကြောင်းထင်ရှားနေ၏။

အစ္စရေးအမျိုးသည် ဓမ္မဟောင်းကာလ၏အသင်းတော်အဖြစ် (လောကီနိုင်ငံအရပ်ရပ်မှယုံကြည်သူများကိုအသင်းတော်အဖြစ်စတင်စုစည်းသော) ပင်တီကောစ်နေ့မတိုင်မီအထိဆက်ရှိနေ၏။

စပျစ်ဥယျာဉ်၏သခင်မှာ ထိုဥယျာဉ်ထဲတွင်သူ၏ရည်ရွယ်ချက်ကိုအချုပ်အချာအာဏာပိုင်စွာ ပြည့်စုံစေသူ၊ သူကိုယ်တိုင်နေရာချထားသောသဖန်းပင်နှင့် အချုပ်အချာအာဏာပိုင်စွာဆက်ဆံပြုမူသူ– ဘုရားသခင်ကိုယ်တိုင်ပင်ဖြစ်၏။ ဥယျာဉ်စောင့်သည် သခင်ခရစ်တော်ဖြစ်၏။ ယေဟောဝါဘုရား၏အစေခံ၊ (ခမည်းတော်ဘုရား၏ရည်ရွယ်ချက်မှန်သမျှကို ပြီးမြောက်သွားအောင်လုပ်ဆောင်ဖို့အတွက်) ဘုရားသခင်၏စပျစ်ဥယျာဉ်အတွင်းမှာအုပ်စိုးဖို့ရန်ခန့်အပ်ထားခြင်းခံရသူပင်ဖြစ်၏။

ဤအစိကအချက်များကိုအားလုံးစုစည်းကြည့်လိုက်လျှင် ဘုရားသခင်၏အချုပ်အချာအာဏာပိုင်ဆိုင်ခြင်းသည် ထူးခြားထင်ရှားလှကြောင်းတွေ့လာရ၏။ နိုင်ငံတော်သည် ဘုရားသခင်ပိုင်ဆိုင်သောအရာဖြစ်၏၊ အကြောင်းမူကား သူကတည်ထောင်ထားပြီး၊ ကမ္ဘာကြီး၏အလယ်မှာစိုက်ပျိုးထားသောကြောင့်ဖြစ်၏။ ဤသို့လုပ်ခြင်းသည် သူ၏ကိုယ်ပိုင်လွတ်လပ်သော၊အချုပ်အချာအာဏာပိုင်သော–ဆန္ဒအားဖြင့်လုပ်ဆောင်ခြင်းသာဖြစ်၏၊ အကြောင်းမူကား ထိုသို့လုပ်ရန်ဘာတာဝန်မှမရှိသောကြောင့်ဖြစ်၏။ သူ၏နိုင်ငံတော်ကိုတည်ထောင်ဖို့ သူ၏ထာဝရအကြံအစည်တော်ထဲတွင် ရွေးချယ်လိုက်ခြင်းဖြစ်၏။ ထို့ကြောင့်ပင် ဘုရားသခင်သည်ဤစပျစ်ဥယျာဉ်(နိုင်ငံတော်)ကို သူကကောင်းသည်ထင်သလိုလုပ်ပိုင်ခွင့်ရှိသော အချုပ်အချာအာဏာပိုင် မူပိုင်ရှင်ဖြစ်နေခြင်းဖြစ်၏။ သူ၏(နိုင်ငံတော်)ဥယျာဉ်အတွင်းတွင် သခင်ဘုရားကအစ္စရေးအမျိုးတည်းဟူသောသဖန်းပင်ကိုစိုက်ပျိုးထား၏။ ဤအမျိုးကိုသူ့ကိုယ်ပိုင်အမျိုးအဖြစ်ရွေးချယ်ကာ အခြားလူမျိုးများထံမှသီးသန့်ခွဲခြားထား၏။ ဤအမှုအရာသည်လည်း အမြင့်ဆုံးသောဘုရား၏အချုပ်အချာအာဏာပိုင်စွာရွေးချယ်ခြင်းပင်ဖြစ်၏၊ အကြောင်းမူကား အစ္စရေးအမျိုးတွင်ကမ္ဘာပေါ်မှအခြားလူမျိုးများထက် ထူးကဲသာလွန်မှုဟူ၍ဘာမျှမရှိသလို၊ သူများတွေထက်မျက်နှာသာပေးခံရစရာအကြောင်းလဲဘာမှမရှိသောကြောင့်ဖြစ်၏။ ဘုရားသခင်ကဤအကြောင်းကို အစ္စရေးတို့ထံသို့မကြာခဏသတိပေးလေ့ရှိ၏(တရားဟောရာကျမ်း ၇း၇–၈)။ ဘုရားသခင်ကသူ၏တပါးတည်းသောသားတော်ကို ဤစပျစ်ဥယျာဉ်၏အပေါ်မှာ စပျစ်ဥယျာဉ်၏အရှင်အဖြစ်၊ နိုင်ငံတော်၏ဘုရင်အဖြစ် ထာဝရကာလပတ်လုံးအုပ်စိုးရန် ခန့်အပ်ထား၏။ ဤစပျစ်ဥယျာဉ်ထဲတွင် ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်အားလုံး (ဤစပျစ်ဥယျာဉ်(နိုင်ငံတော်)ကို ကောင်းကင်ဘုံ၏ ထာဝရတည်သောဘုန်းတံခိုးတော်ထဲသို့ယူဆောင်သွားချိန်အထိအောင်) ပြီးမြောက်အောင်လုပ်ဆောင်ဖို့ရန် သခင်ဘုရားအားတာဝန်ပေးအပ် ထား၏။

## မြို့နေသောသဖန်းပင်

ပုံဥပမာသည် သဖန်းပင်၏မြို့နေခြင်းအကြောင်းသို့ဦးလှည့်သွား၏။

စပျစ်ဥယျာဉ်ပိုင်ရှင်သည် အသီးခူးဖို့ရောက်လာ၏။ ဤကိစ္စသည်အံ့ဩစရာတော့မဟုတ်ပါ၊ ကာနန်ဒေသတွင် သဖန်းပင်သည်လူကြိုက်အများဆုံးအပင်ထဲတွင်ပါဝင်နေသောကြောင့်ဖြစ်သည်။ သူ၏အသီးများကိုအရွက်များကဖုံးအုပ်ထားလေ့ရှိသည်၊ ထို့ကြောင့်အသီးမှည့်ချိန်တွင် သဖန်းပင်၏ထူထဲသောအရွက်များအောက်တွင်ဝင်းမှည့်နေသောသဖန်းသီးများကိုတွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခြင်းမှာသဘာဝကျပါ၏။ ထို့ကြောင့်လဲ ဤသဘောသဘာဝက သဖန်းပင်ကို အစ္စရေးအမျိုး၏ပုံရိပ်အဖြစ်ထူးကဲစွာကိုက်ညီစေသည်။ အပြင်ပန်းမှကြည့်လျှင် အစ္စရေးအမျိုးသည် အဖက်ဖက်မှရှုချင်စဖွယ်ကောင်းနေ၏။ အသီးအပွင့်စုံလင်သောအပင်၏လက္ခဏာအားလုံးကိုပြသနေ၏။ သို့သော်

တစုံတဦးက အရွက်ဖားဖားကြီးများကိုလှန်၍အသီးခူးဖို့ကြိုးစားလာချိန်တွင်တော့၊ အံ့သြစိတ်ပျက်သွားရအောင်ခူးစရာဘာအသီးမှရှိမည်မဟုတ်၊ အကြောင်းမှာ မြို့နေသောအပင်ဖြစ်သောကြောင့်ဖြစ်၏။

ပိုင်ရှင်က သဖန်းသီးရှိလေမလားဟုအကြိမ်များစွာလာရှာခဲ့၏၊ သို့သော်လည်းနှစ်ပေါင်းများစွာပင် မြို့နေသောအပင်ဖြစ်ကြောင်းထပ်တလဲလဲသက်သေပြလျက်ရှိ၏။ ထို့နောက်တွင် ထိုအပင်ကိုခုတ်လှဲပစ်ဖို့ ပိုင်ရှင်ထံမှအမိန့်ရောက်လာ၏။ ဤသို့လုပ်ဖို့ရန်အကြောင်း(၂)ခုရှိနေ၏။ တဖက်တွင် ဤအပင်သည်သူဖြစ်သင့်သလိုမဖြစ်လာသောကြောင့် အသုံးမဝင်ဖြစ်ရသည်။ ဆက်စိုက်ထားဖို့အကြောင်းမရှိတော့။ အခြားတဖက်တွင် သူကိုယ်တိုင်အသီးမသီးယုံမကဘဲ အခြားအပင်များအတွက်ပါအန္တရာယ်ဖြစ်လာ၏။ အသီးသီးသောအခြားအပင်များစားသုံးရမည့်မြေဆီမြေနှစ်များကို သူကဆွဲယူစားသုံးနေ၏။ အဖက်ဖက်မှအကြောင်းများက ဤသဖန်းပင်ကိုဖျက်ဆီးပစ်ဖို့လိုအပ်ကြောင်းပြသနေ၏။

သို့သော် စပျစ်ဥယျာဉ်စောင့်ဖြစ်သူက နောက်တနှစ်အတွင်းဤမြို့နေသောအပင်ကိုကောင်းစွာမြေဩဇာထဲ့၍ ကြိုးစားပမ်းစားပြုစုကြည့်ပါရစေဟု တောင်းလျှောက်လိုက်သည်။ အကယ်၍နောက်တနှစ်လုံးလုံးမြေဩဇာထဲ့ခြင်းကောင်းစွာပြုစုခြင်းလုပ်ပြီး၍မှအသီးမသီးပါလျှင်၊ ဖျက်ဆီးဖို့အတွက်သူလဲသဘောတူပါလိမ့်မည်။ ထိန်းသိမ်းစောင့်ရှောက်ရခြင်း၏ရည်ရွယ်ချက်မှာ အသီးသီးလာနိုင်မည်လားဟုစောင့်ကြည့်ဖို့ရန်ဖြစ်၏။ ဤသို့အကြံပေးမှုကို စပျစ်ဥ ယျာဉ်ပိုင်ရှင်ကလဲ သဘောတူကြောင်းထင်ရှားစွာပြလိုက်၏။

အစ္စရေးအမျိုးအားဘုရားသခင်ကစောင့်ရှောက်ခြင်းအမှုထဲမှ သင်ခန်းစာတခု

အစ္စရေးအမျိုးကိုနိုင်ငံတခုအဖြစ် အထူးဂရုစိုက်စောင့်ရှောက်ပေးထားကြောင်းထင်ရှားသည်။ ဤအချက် ကို ဘုရားသခင်ကသူ၏ကတိတော်များကို အစ္စရေးတို့ထံအပြည့်အဝထုတ်ဖေါ်ပြသခဲ့ခြင်းအားဖြင့် အထူးတလည်သက်သေထင်ရှားစေခဲ့၏။ ဘုရားသခင်က ကောင်းကင်အောက်ရှိအခြားလူမျိုးအားလုံးတို့အကြားမှ အစ္စရေးအမျိုးကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်က သူ့ကတိတော်များ၏ဘုန်းတန်ခိုးတောက်ပသောအလင်းရောင်ကိုထွန်းလင်းပေးဖို့အတွက် သူ၏အထူးပိုင်ဆိုင်မှုအဖြစ်ရွေးချယ်လိုက်ခြင်းဖြစ်သည်။ နောက်ဆုံးတွင် (ဘုရားသခင်၏ဘုန်းကြီးခြင်းမှန်သမျှ၏ပြည့်စုံခြင်းဖြစ်သော) သူ၏တပါးတည်းသောသားတော်ကြွဆင်းလာခြင်းအားဖြင့် သူ့ကတိတော်များ၏ဘုန်းကြီးခြင်းနှင့်ကောင်းမြတ်ခြင်းတို့ကို (မည်သည့်အခါကမှမပြခဲ့သောနည်းဖြင့်) ထုတ်ဖေါ်ပြသလိုက်သည်။

သမ္မာကျမ်းစာထဲတွင် ဘုရားသခင်ကအစ္စရေးအမျိုးအပေါ်အပ်နှင်းထားသောကောင်းချီးမင်္ဂလာများကိုထပ်တလဲလဲဖေါ်ပြထားသည် (ဆာလံ၈၀း၈–၁၁၊ ဟေရှာယ ၅း၁–၄)။ တမန်တော်ရှင်ပေါလုကလဲ ဤအမှန်တရားကို (ရောမဩဝါဒစာ ၉း၄–၅)တွင်ထပ်မံဖေါ်ပြထားသည်။

သို့သော် ဤကာလတလျှောက်လုံး အစ္စရေးတို့ဘာတွေလုပ်နေကြသနည်း? သူတို့သည် ယေဟောဝါဘုရားသခင်အားကိုးကွယ်ခြင်းမှ ထပ်ခါတလဲလဲစွန့်ခွာထွက်ပြေးနေကြသည်။ သူတို့၏သဲကန္တာရထဲလှည့်လည်ရာခရီးစဉ်အချိုးအကွေ့တိုင်းမှာ ဘုရားသခင်အားပုန်ကန်ထကြွကြသည်။ သူတို့သည် ဆိုင်းနိုင်းဒေသတခွင်လုံးဘုရားသခင်၏မိုးကြိုးသံတုန်ဟီးနေစဉ်မှာပင် ရွှေနွားကလေးရုပ်တုရှေ့တွင်ဦးချကိုးကွယ်ခဲ့ကြသည်။ သူတို့၏မယုံကြည်စိတ်ကြောင့် ကတိတော်မြေထဲသို့ဝင်ရောက်ရန်ငြင်းဆန်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့၏ဘုရားသခင်သည်သူတို့အတွက်စစ်တိုက်ပေးနိုင်စွမ်းမရှိ၊ တိုက်လဲမတိုက်ပေးချင်–ဟုနားသွင်းခံထားရသောကြောင့်ဖြစ်သည်။ သူတို့သည် ဘုရားသခင်ကသူတို့အားထောက်ပံ့ပေးထားသော ရေနှင့်အစားအစာတို့ကိုလည်း မကျေမနပ်စောဒကတက်ကြသည်။ သူတို့သည် အခွင့်အရေးရသည့်အခါတိုင်းတွင်ရုပ်တုဆင်းတုဆီသို့နောက်ပြန်လှည့်ကြသည်၊ မိစ္ဆာဒိဋ္ဌိတို့၏ရွံရှာဘွယ်အကျင့်အကြံအားလုံးကိုပြုကျင့်ကြသည်။ လူဆိုးတို့ပင်ဘယ်တုန်းကမှမစဉ်းစားခဲ့ဖူးသော အပြစ်ဒုစရိုက်များကိုပြုကျင့်ယုံသာမကအဆပေါင်းများစွာတိုးပွားစေကြသည်။ ထိုသို့အားဖြင့်သူတို့သည်မိစ္ဆာဒိဋ္ဌိတို့ထက်ပင်ပို၍ ဘုရားမဲ့သူများဖြစ်လာကြသည်။ သူတို့သည်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူရောက်လာကြသောပရောဖက်များကိုသတ်ဖြတ်ကြသည်။ ဘုရားသခင်ကသူတို့ထံစေလွှတ်လိုက်သူများကို ကျောက်တုံးဖြင့်ပေါက်သတ်ကြသည်။

ထိုဒုစရိုက်များကြောင့် ဘုရားသခင်ကသူတို့ကိုကျွန်အဖြစ်သိမ်းပိုက်အုပ်စိုးခြင်းခံစေခဲ့သည်။ ကျွန်ဘဝမှလွတ်မြောက်လာပြီးနောက်ပိုင်းတွင် သူတို့တွေရုပ်တုကိုးကွယ်ခြင်းသို့ပြန်မသွားကြတော့သော်လည်း ပို၍ဆိုးရွားသော–(နှုတ်ခမ်းဖျားဖြင့်ကိုးကွယ်ခြင်း၊ အကျိုးမဲ့စိတ်ကြီးဝင်စေသောကိုယ့်ဟာကိုယ်ဖြောင့်မတ်ခြင်း၊ ဘာမှမဟုတ်သောမာန်မာနတက်ခြင်း၊ ဗိမာန်တော်အတွင်းအရှေ့ခြိုကြောင်သူတော်ဝတ်ပြုကိုးကွယ်ခြင်း၊)–တို့ကိုပြုကျင့်လာကြတော့သည်။ ဘုရားသခင်၏ဗျာဒိတ်တော်အလင်းရောင်ပို၍တောက်ပလာလေလေ သူတို့၏ဘုရားမဲ့သော၊ ယိုယွင်းပျက်စီးသော နှလုံးသားများကိုပို၍ဖွင့်လှစ်ပြသလေလေဖြစ်နေကြသည်။

ယခုအချိန်ထိအောင် အသင်းတော်၏သမိုင်းကြောင်းထဲတွင်လဲ ဤကိစ္စအမြဲမှန်ကန်နေပါသည်။ ဘုရားသခင်သည် သူရွေးချယ်သောနေရာဒေသများတွင် သူ၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကိုထွန်းလင်းစေခြင်းနှင့် သူ၏ဗျာဒိတ်တော်အလင်းရောင်ပေါ်ထွန်းစေခြင်းတို့ပြုလုပ်နေ၏။ ဤသို့သောနေရာများသည် အစ္စရေးအမျိုးတို့ ရရှိသောအကျိုးအမြတ်အားလုံးကို ထပ်တူထပ်မျှရရှိကြ၏။ သို့သော် ဘယ်လိုရလဒ်မျိုးထွက်လာပါသလဲ? ထိုနေရာမျိုးသည် အချိန်အခိုက်အတန့်အတွင်းတွင်တော့တိုးပွားခြင်းရှိနေတတ်ပေမယ့်၊ မကြာခင်အတွင်းမှာပင် ထိုအသင်းတော်သည် ပြန်မြိုသွားလေ့ရှိသည်။ ဤဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏အလင်းရောင်ထွန်းလင်း၍၊ ဘုရားသခင်၏သမ္မာတရားက နေမင်းကြီးသဖွယ်ဘုန်းထင်ရှားစွာ ထွန်းတောက်လာသောနေရာတိုင်းတွင်၊ အပြစ်တရားသည်လည်းအံ့ဩဘွယ်ရာအမြန်နှုန်းဖြင့်၊ မယုံနိုင်လောက်အောင်ထိတ်လန့်ဘွယ်ရာကောင်းစွာဖွံ့ထွားလာတတ်သည်။ သမ္မာတရားနှင့်ထိပ်တိုက်ဆန့်ကျင်နေသော မုသာတရားများကို သမ္မာတရားကိုမုန်းသောသူတို့က တိုးပွားလာအောင်ကြိုးဆောင်လျက်ရှိကြသည်။ ထို့အတူ သမ္မတရားကိုဝန်ခံကြသော ဘုရားသခင်၏သစ္စာရှိနောက်လိုက်များက သမ္မာတရား၏ပညတ်ချက်များအတိုင်းလိုက်လျှောက်နေကြချိန်တွင်၊ သမ္မာတရား၏ရန်သူများက ထိုသန့်ရှင်းသူများအား(ခါးသည်းစွာမုန်းတီးသောစိတ်ထားဖြင့်၊ သူတို့၏နာမည်များကို ကမ္ဘာမြေပြင်ပေါ်မှဖယ်ရှားပစ်ရန်ရည်ရွယ်ချက်ဖြင့်) ဆန့်ကျင်ဖက်ပြု၍ထကြွလာကြသည်။

ပို၍ဆိုးသည်မှာ၊ လူတဦးသည်ဘုရားသခင်ဖွင့်လှစ်ပြသတော်မူခြင်း၏ဗဟိုချက်သို့နီးကပ်လာလေ၊ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း၏အတောက်ပဆုံးသောဖွင့်လှစ်ပြသခြင်းဆီသို့ပို၍နီးကပ်လာလေလေ၊ အပြစ်တရားဆိုးဝါးစွာထင်ရှားလာလေလေပင်ဖြစ်၏။ လူသား၏အဆုံးဝါးဆုံးအပြစ်များ အထင်ရှားဆုံးပေါ်ထွက်လာသောနေရာများသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏အလင်းရောင်ကို ဘယ်တုန်းကမှမမြင်ခဲ့ရဖူးသော မိစ္ဆာဒိဋ္ဌိများ၏နေရာတွင်မဟုတ်ပေ။ ယဉ်ကျေးမှုထွန်းကားသော၊ အပြင်ပန်းအားဖြင့်ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း၏လွှမ်းမိုးခြင်းခံရသောနေရာများသည်သာ အပြစ်တရားကြောက်မက်ဖွယ်ကောင်းစွာပေါ်ထွက်လာရာနေရာများဖြစ်ကြ၏။ ပို၍ထိတ်လန့်စရာကောင်းစေသည့်အမှန်တရားမှာ ထိုသို့လက်တွေ့ကျူးလွန်သူများသည် ပို၍ကောင်းစွာသိနားလည်သောသူများဖြစ်နေခြင်းဖြစ်သည်။ သမိုင်းတလျှောက်တွင် ဤအမှန်တရားကိုသရုပ်ဖေါ်ပြသခြင်းဖြင့်သာပြည့်လျှမ်းနေ၏။ ရီဖေါ်မေးရှင်းကာလ(အသင်းတော်ပြန်လည်ပြုပြင်ရေးကာလ)အတွင်းတွင် သမ္မာကျမ်းစာ၏အမှန်တရားများကိုရှာဖွေသူများ၊ တွေ့ရှိသူများအပေါ် ရိုမင်ကက်သလစ်အသင်းတော်ကကျူးလွန်ခဲ့သည့် ကြောက်မက်ဘွယ်ရာဆိုးညစ်မိုက်မဲသောရာဇဝတ်မှုများကို ကျွန်တော်တို့ပြန်တွေးကြည့်လျှင်သိသာနိုင်ပါ၏။ အနာဂတ်ကိုလှမ်းကြည့်လိုက်လျှင်လည်း ကမ္ဘာ့ရာဇပလ္လင်ပေါ်တွင် အန္တိခရစ်အုပ်စိုးချိန်ရောက်သောအခါတွင်၊ ထိုဆိုးညစ်သောမကောင်းဆိုးရွားကြီးသည် ဘုရားသခင်၏သမ္မာတရားဖွင့်ပြချက်နှင့် အနီးကပ်ဆုံးနေထိုင်ခဲ့သူသာဖြစ်ကြောင်း တွေ့လာရလိမ့်မည်ဖြစ်၏။

သဖန်းပင်အတွက်လည်းထိုနည်းအတိုင်းပင်ဖြစ်၏။ လုံ့လဝီရိယအရှိဆုံးထိန်းသိမ်းစောင့်ရှောက်မှုနှင့်အကြင်နာဆုံးပြုစုယုယမှုကို ရရှိနေသော်လည်း မြို့နေသောအပင်ဖြစ်ဖို့သာဦးတည်နေပါ၏။

## အဘယ့်ကြောင့်နောက်တနှစ်ထပ်စောင့်ရသနည်း?

မည်သို့ပင်ဆိုစေ၊ မေးခွန်းတခုပေါ်ထွက်လာသည်မှာ–"သဖန်းပင်ကို အဘယ့်ကြောင့်နောက်တနှစ်ဆက်ရှင်ခွင့်ပေးရသနည်း?" ဤပုံဥပမာ၏နောက်ခံအခြေအနေအရဆိုလျှင် ထိုမေးခွန်းသည် နားထောင်နေသောသူတို့စိတ်ထဲတွင် ချက်ချင်းပေါ်ထွက်လာခြင်းဖြစ်ရပေမည်–"တကယ်လို့လူအားလုံးတန်းတူဆိုးညစ်ကြတယ်ဆိုရင် ဂါလိလဲတို့၊ ရှိလောမ်တို့က တခြားလူတွေကိုကျတော့ဘာဖြစ်လို့ချမ်းသာပေးရတာလဲ? သဖန်းပင်ကိုလဲ အသီးများသီးလာလေမလားလို့စောင့်ကြည့်ဖို့ ဘာဖြစ်လို့နောက်တနှစ်ဆက်ရှင်ခွင့်ပေးရတာလဲ?"

သို့မဟုတ်၊ ထိုမေးခွန်းကိုဆက်စပ်နေသောအကြောင်းအရာများဖြင့်ပြန်မေးရလျှင်–"အကယ်၍အစ္စရေးအမျိုးသည် ခေတ်အဆက်ဆက်တွင်မကောင်းဆိုးဝါးကဲ့သို့သောရာဇဝတ်မှုများကိုကျူးလွန်လာခဲ့ခြင်းမှန်ပါလျှင်၊ သူတို့ကိုအဘယ့်ကြောင့်အချိန်ထပ်ပေးရပါသနည်း? သူတို့ကိုအဘယ့်ကြောင့်ချက်ချင်းမဖျက်ဆီးပစ်ရပါသနည်း?"

ပို၍ယေဘုယျကျစွာပြောရလျှင်မေးခွန်းထဲတွင် ထိုစပျစ်ဥယျာဉ်သည်မြို့နေကြောင်းသက်သေပြနေကာမှ၊ လုံ့လဝီရိယဖြင့်ပြုစုယုယဖို့ ဘုရားသခင်ကဆုံးဖြတ်လုပ်ဆောင်လိုက်ခြင်းအကြောင်းလဲပါဝင်ပါသည်။ ဘုရားသခင်သည် သူ့ရည်ရွယ်ချက်အတိုင်းမလုပ်ဆောင်နိုင်ခြင်းလော? သူ၏ကြိုးစားမှုများအချည်းနှီးဖြစ်ကုန်ရသလော?

ဤမေးခွန်းကိုကျွန်တော်တို့အဖြေပေးသည့်အခါတွင် ကျွန်တော်တို့သည် သမ္မာကျမ်းစာတအုပ်လုံးမှသွန်သင်ချက်များကိုထည့်သွင်းတွေးခေါ်ထားကြောင်းသေချာအောင်လုပ်ရမည်။ အကယ်၍ကျွန်တော်တို့ထိုကဲ့သို့လုပ်ပါလျှင်၊

(ပထမဦးဆုံး)–အစ္စရေးအမျိုးသည်အသွေးအသားရှိသောရုပ်ခန္ဓာအဖြစ် ဘုရားသခင်ကတည်ထောင်ခဲ့ခြင်းဖြစ်သောကြောင့် ရုပ်သဘောအရဆက်ဆံပြုမူရမည်ဖြစ်သည်။ အစ္စရေးသည်ရုပ်ခန္ဓာဖြစ်သည်ဟုဆိုရာတွင် ၄င်းသည်ဖခင်ဖြစ်သူ အာဗြဟံထံမှဆင်းသက်လာခြင်းဖြစ်ပြီး၊ ဤရုပ်ပိုင်းဆိုင်ရာပေါင်းသင်းဆက်ဆံရေးထဲတွင်ညီညွတ်စွာနေထိုင်ခြင်းကိုဆိုလိုသည်။ အစ္စရေးသည် ဘုရင်တပါးနှင့်သူ၏နေသဟာယအဖွဲ့အစည်းတခုဖြစ်သည်၊ ခေါင်းဆောင်တဦးလက်အောက်မှတိုင်းနိုင်ငံတခုဖြစ်သည်။ အခြားသောနိုင်ငံများနှင့်သီးခြားခွဲထွက်နေထိုင်သောနိုင်ငံဖြစ်သည်။ သို့သော်အတွင်းထဲတွင် ခန္ဓာကိုယ်တခု၏အင်္ဂါအစိတ်အပိုင်းများကဲ့သို့ဆက်စပ်ရပ်တည်နေသောနိုင်ငံဖြစ်သည်။ ထို့အတူအသင်းတော်တခုကဲ့သို့ဖန်ဆင်းလိုက်ခြင်းဖြစ်သည်။ အသင်းဝင်အားလုံးတဦးနှင့်တဦးပေါင်းသင်းဆက်ဆံရာတွင် ဗိမာန်တော်တခု၊ ယဇ်ပုရောဟိတ်တပါး၊ ယဇ်ပူဇော်ခြင်းတပါး၊ ပညတ်တရားတပါး၊ ဘုရားသခင်၏ဗျာဒိတ်တော်တပါး–ကိုအတူတကွတွဲဖက်ပိုင်ဆိုင်ကြသည်။ သူတို့သည် တဦးနှင့်တဦးသီးခြားခွဲထွက်၍ ကိုယ်ကြိုက်သလိုနေထိုင်၍မရပါ။ အကယ် ၍ဤသို့နေထိုင်၍ရပါလျှင် အစ္စရေးသည်နိုင်ငံတခုအဖြစ်မှပျောက်ကွယ်သွားရမည်ဖြစ်၏။

ဤအစ္စရေးတို့၏နိုင်ငံသည် မြိုသောနိုင်ငံဖြစ်သွားသည်။ ဤသို့ဆိုလိုက်၍နိုင်ငံအတွင်းမှအစ္စရေးတယောက်မျှမကျန်ဆိုးသွမ်းမိုက်မဲကြသည်ဟု မဆိုလိုပါ။ သမိုင်းအဆက်ဆက်တွင် ဘုရားသခင်သည် သူ့အတွက်အကြွင်းအကျန်တို့ကို(ရွေးကောက်ခြင်း၏ကျေးဇူးတော်အရ)ချန်လှပ်ထားမြဲဖြစ်ကြောင်းတွေ့ရသည်(ရောမ ၁၁း၁–၅)။ သို့သော် ဤအနည်းငယ်သောသူတို့မှာ အကြွင်းအကျန်၊ အနည်းစု–သာ အမြဲတမ်းဖြစ်နေပါသည်။

(ဒုတိယအနေနှင့်)– အစ္စရေးနိုင်ငံကိုစိုးစံသူတို့မှာ ဆိုးညစ်သောဘုရင်များဖြစ်နေ၏။ ဆိုလိုသည်မှာ ဘုရင် ၏လွှမ်းမိုးမှုမှာ အကောင်းမဟုတ်ဘဲ၊ အဆိုးသို့သာဦးတည်နေ၏။ ထို့ကြောင့် နိုင်ငံတခုလုံးသည်လည်း ဘုရင်သွားရာ ဆိုးညစ်သောလမ်းကြောင်းအတိုင်း လိုက်လျှောက်သွားကြတော့သည်။

(တတိယအနေနှင့်)– အစ္စရေးနိုင်ငံ၏ကိုးကွယ်ယုံကြည်မှုတခုလုံးသည် ယိုယွင်းပျက်စီးနေ၏။ ယဇ်ပုရောဟိတ်များသည် ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရဖို့အတွက်သာ အစီကရည်မှန်းချက်ထားသူများဖြစ်ကြ၏။ ဗိမာန်တော်သည် ယိုယွင်းပျက်စီးနေသောယဇ်ပုရောဟိတ်များ၏ထိန်းချုပ်မှုအောက်တွင်ရောက်ရှိနေ၏။ ယဇ်ပူဇော်သက္ကာများသည်လဲညစ်ညမ်းသောအရာများသာဖြစ်နေပြီး၊ သစ္စာရှိယုံကြည်သူများ ကိုးကွယ်ဝတ်ပြုဖို့မဖြစ်နိုင်လောက်အောင်ရှိနေ၏။ ဆန်ဟက်ဒရင်ကောင်စီ(ဗိမာန်တော်အာဏာပိုင်ကောင်စီ)သည်လည်း သူပုန်များနှင့် ကိုယ်ကျင့်တရားဖောက်ပြားသောသူတို့နှင့်သာပြည့်နေ၏။ ရုပ်ခန္ဓာတခုအနေနှင့်ကြည့်လျှင် အစ္စရေးကြီးသည် ယုံကြည်ခြင်းမရှိ၊ လမ်းလွှဲလိုက်–သောသူဖြစ်နေ၏။

ထိုသို့ဖြစ်သော်လည်း ဤနိုင်ငံသည် ခေတ္တခဏမျှလွှတ်ထားခြင်းခံရ၏။ မေးခွန်းမှာ– ဤနိုင်ငံ၏ကြောက်စရာကောင်းသော ရာဇဝတ်မှုများအတွက် ဘုရားသခင်ကအဘယ့်ကြောင့်မဖျက်ဆီးရသနည်း? သို့မဟုတ် မေးခွန်းကိုအနည်းငယ်ခြားနားအောင်မေးရလျှင်– သဖန်းပင်ကဲ့သို့သောအစ္စရေးအမျိုး၏တည်ရှိမှုကို ချက်ချင်းမဖျက်ဆီးဘဲထားသော ဘုရားသခင်၏ရည်ရွယ်ချက်မှာအဘယ်နည်း?– ဟူ၍ဖြစ်သည်။

## ဘုရားသခင်၏ အချုပ်အချာအာဏာပိုင်သောရည်ရွယ်ချက်

ကျမ်းစာအနက်ဖွင့်သူအများစုတွင် ဤမေးခွန်းအတွက်အဆင်သင့်အဖြေ– ရှိထားကြ၏။ သူတို့က ဤသို့တရားစီရင်ခြင်းကိုဆိုင်းငံ့ထားခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်နှင့်ဂရုဏာတော်ကိုတိုင်းတာပြခြင်းတမျိုးဖြစ်သည်ဟုပြောကြ၏။ ထို့နောက် ဤအမှုအရာသည် အစ္စရေးအား“နောက်ဆုံးအခွင့်အရေး”ပေးခြင်း၊ သို့မဟုတ်“ နောင်တရဖို့ နောက်တကြိမ်အခွင့်အရေး”ပေးခြင်း–ဖြစ်သည်ဟု အနက်ဖွင့်ကြ၏။ အစ္စရေးသည် သူ၏လွတ်မြောက်ရာလမ်းအဖြစ် ဘုရားသခင်ကသူ၏“ကယ်တင်ခြင်းကမ်းလှမ်းချက်”ကို နောက်တကြိမ်ကမ်းလှမ်းနိုင်ဖို့ ချန်လှပ်ထားခြင်းခံရသည်ဟု ဆိုကြ၏။

ဤသို့ဆိုခြင်းသည် သမ္မာကျမ်းစာ၏အမှန်တရားကို ပုံပျက်သွားအောင်တွန့်လိမ်လိုက်ခြင်းသာဖြစ်သည်။ ရှေးကထဲကရှိခဲ့သော“အာမေနီးယန်း”အယူမှားဖြစ်သည်။ သူက လူသား၏ကယ်တင်ခြင်းသည် လွတ်လပ်သောအလိုဆန္ဒအပေါ်တွင်တည်မှီနေသည်(ဘုရားသခင်ကလူအားလုံးကိုကယ်တင်ပေးချင်သည်၊ သို့သော် ရွေးချယ်မှုသည်လူသားအပေါ်တည်နေသည်) ဟုဆိုခဲ့သည်။

ဤသို့သောအနက်ဖွင့်ခြင်းသည် ဘုရားသခင်၏–လူသားအပေါ်အချုပ်အချာအာဏာပိုင်စွာစီရင်ခြင်း–ကိုငြင်းပယ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ အချုပ်အချာအာဏာပိုင်၍အတိအကျဆုံးဖြတ်ပြီးဖြစ်သော အမိန့်ဒီကရီချမှတ်ခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်။ ထိုအယူအဆက လူသည်ဘုရားသခင်ထက်အားကြီးသောပုဂ္ဂိုလ်၊ ဘုရားသခင်သည် ကယ်တင်ခြင်း၏ရလဒ်မည်သို့ဖြစ်လာမည့်အကြောင်း လူတို့၏အဆုံးအဖြတ်ကိုစောင့်မျှော်နေရသူအဖြစ် သရုပ်

ပေါ်ထားသည်။ ဘုရားသခင်က အစ္စရေးသည်နောင်တရလိမ့်မည်မဟုတ်ကြောင်း မသိလေသလော? အမှန်ပင်သိနေပေ၏၊ သူသည်အချုပ်အချာအာဏာပိုင်သောဘုရားပေဘဲ။ သို့သော် ထိုမျှထက်မကသေးပါ၊ ဘုရားသခင်ကအစ္စရေးသည်နောင်တမရစေရဟုဆုံးဖြတ်ချက်ချထားသည်၊ အကြောင်းမူကား သူ၏အကြံအစည်တော်တည်မြဲ၍၊ သူ့စိတ်ကျေနပ်မှုရှိသည့်အတိုင်း လုပ်ဆောင်တော်မူသောကြောင့်ဖြစ်၏ (ဟေရှာယ၄၆း၁၀)။

ကျွန်တော်တို့သည် ဤပြဿနာကိုဖြေရှင်းနိုင်ဖို့ရာ အခြားနေရာများကိုကြည့်ရှုကြပါမည်။

အကယ်၍ဤပြဿနာကို သမ္မာကျမ်းစာတစ်ခုလုံး၏အလင်းရောင်အောက်တွင် အနက်ဖွင့်ကြည့်မည်ဆိုလျှင် အဖြစ်နိုင်ဆုံးသောတစ်ခုတည်းသောအဖြေမှာ– ဘုရားသခင်ကအစ္စရေးအမျိုးကိုအချိန်နည်းနည်းပို၍ခွင့်လွှတ်ထားခြင်းမှာ အစ္စရေးသည်သူ၏ဆိုးညစ်ခြင်းခွက်ဖလားကိုပြည့်လျှံအောင်ဖြည့်၍ တရားစီရင်ခံဖို့ရင့်မှည့်လာသည်အထိဆက်၍ လုပ်ဆောင်ဖို့အချိန်ပေးထားခြင်းဖြစ်သည်။ အစ္စရေးသည်တရားစီရင်ခံဖို့ရင့်မှည့်လာသောအခါတွင် ဘုရားသခင်၏ တရားစီရင်ခြင်းသည် အစ္စရေးအမျိုးကိုငြင်းပယ်ခြင်း၊ ဆိုးညစ်သူများကိုငရဲထဲသို့ပစ်ချခြင်းတို့ဖြင့် ပြည့်စုံစွာအကောင်အထည်ပေါ်လာမည်ဖြစ်သည်။

ဘုရားသခင်က သူ၏ဗျာဒိတ်တော်အလင်းရောင်ကို အတောက်ပဆုံးထွန်းလင်းစေလိုက်ခြင်းဖြင့် ဤကိစ္စကိုပြီးမြောက်သွားစေ၏။ ဗျာဒိတ်တော်သည် အမြဲတမ်းတိုးတက်နေသောသဘောရှိ၏။ ဒေင်ဥယျာဉ်ထဲမှကျွန်တော်တို့ ၏ ပထမဆုံးမိဘများအားပေးအပ်လိုက်သော ဗျာဒိတ်တော်(အဆံ)မှအစပြုကာ ဗျာဒိတ်တော်သစ်ပင်သည် ဓမ္မ ဟောင်းခေတ်ကာလတလျှောက်တွင်ဖွံ့ဖြိုးကြီးထွားလာခဲ့သည်။ ကျွန်တော်တို့၏ မိဘများအပြစ်ထဲသို့လဲကျသွားချိန်မှ စ၍ တလောကလုံးကိုဖုံးလွှမ်းလိုက်သောအပြစ်၏အမှောင်ထုကြီးထဲတွင် ဖြတ်ကနဲပွင့်သွားသောအလင်းပွင့်ကလေး မှစ၍ ထိုအလင်းရောင်သည် လင်းသထက်လင်းထိန်လာခဲ့သည်။ ဓမ္မဟောင်းကာလတလျှောက်တွင် သူ၏ဗျာဒိတ် တော်ကိုဖွင့်ပြဖို့ရန် ဘုရားသခင်ကသုံးခဲ့သောနည်းလမ်းမျိုးစုံ(အစ္စရေးအမျိုးပေါ်လာခြင်း၊ ပညတ်တော်ပရောဖက်၊ ယဇ်ပူဇော်ခြင်းများ) အားဖြင့်အလင်းရောင်သိပ်သည်းမှုများသထက်များလာခဲ့သည်။ ထို့နောက်တွင် ဘုရားသခင်က ဖြောင့်မတ်ခြင်း၏ နေမင်း၊ အထက်အရပ်မှနေ့အလင်းရောင်(သခင်ခရစ်တော်)–ကို သူ့ဘုန်းတော်ကြီးမြတ်မှုအားလုံးဖြင့်အတောက်ပဆုံးထွန်းတောက်စေဖို့ စေလွှတ်လိုက်သည်။

သခင်ခရစ်တော်၏ဘဝအတွင်းတွင်လည်း ပန်းတိုင်တစ်ခုသို့ဦးတည်သောတိုးတက်မှုဆက်၍ရှိနေသည်၊ အဘယ့်ကြောင့်ဆိုသော်ဘုရားသခင်၏ကတိတော်၏ အတောက်ပဆုံးသောဗျာဒိတ်တော်ဖွင့်ပြချက်သည် သခင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံ၍၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းမပြုမချင်း မထွန်းတောက်နိုင်သေး၍ဖြစ်သည်။

ဤသို့အဆက်မပြတ်တိုးတက်နေသောဗျာဒိတ်တော်ဖွင့်ပြချက်အလင်းရောင်အားဖြင့်၊ အစ္စရေးတို့ထံသို့ သူမ ၏အပြစ်များကိုနောင်တရဖို့ တာဝန်ရှိလာစေသည်။ အမှန်စင်စစ်၊ ဗျာဒိတ်တော်အလင်းရောင်ပို၍တောက်ပလာလေ လေ ဆိုးညစ်ခြင်းများမှနောက်လှည့်ကာ အသက်ရှင်သောဘုရားသခင်ထံသို့ပြန်လာဖို့ခေါ်နေသံပို၍ပြင်းထန်လာ လေလေဖြစ်သည်။ ဤသို့ဆိုခြင်းကြောင့် အစ္စရေးတို့သည်ကျေးဇူးတော်မပါဘဲ နောင်တရနိုင်စွမ်းရှိကြသည်ဟုမဆိုလို ပါ။ ထိုသို့မဟုတ်ဘဲ ဘုရားသခင်သည် ဒေင်ဥယျာဉ်ထဲမှလူသားအပေါ်တောင်းဆိုခဲ့သော–"ငါ့ကိုချစ်ပါ!"–ဟူသည့် တောင်းဆိုချက်ကို ဘယ်တုန်းကမှမစွန့်လွှတ်ခဲ့ပါ ဟုဆိုလိုခြင်းဖြစ်သည်။ အစ္စရေးသည် နောင်တရဖို့အခွင့်အရေးကို လမ်းကွေ့တိုင်းတွင်ရရှိခဲ့သည်။ သူတို့သည် သမ္မာတရား၏အလုံးစုံဖွင့်လှစ်ပြသခြင်းကိုရရှိခဲ့ကြသည်။ သူတို့တွေနောင်တရဖို့ငြင်းဆန်ကြသောအခါ၊ နောင်တရခြင်းလမ်းအကြောင်းသူတို့မသိသောကြောင့်မဟုတ်တော့ပါ။ သူတို့တွေမသိလိုက်လို့ပါဟု ဘယ်တော့မှအယူခံဝင်ခွင့်မရှိကြတော့ပါ။ သူတို့တစ်တွေနောင်တရဖို့လိုအပ်ကြောင်းသိမှမသိဘဲဟု သူတို့ကိုယ်သူတို့ အပြစ်မရှိသယောင်လုပ်၍မရတော့ပါ။ သူတို့၏ဆိုးညစ်ခြင်းများထဲမှနေ၍ နောင်တရဖို့ငြင်းဆန်ကြခြင်းအတွက်တစ်ခုတည်းသောရှင်းလင်းချက်မှာ သူတို့၏မာကြောသောနှလုံးသားများနှင့် သူတို့၏ဆန့်ကျင်တော်လှန် လိုစိတ်ကြောင့်ကျူးလွန်ဖောက်ဖျက်ခြင်းများ–ကြောင့်သာဖြစ်ပေ၏။ အစ္စရေးနိုင်ငံသည် သခင်ခရစ်တော်အားငြင်းဆန်သောအပြစ်ကြောင့် ဘုရားသခင်၏ငြင်းပယ်ခြင်းခံလိုက်ရတော့သည်။

ဤသို့ပြောပြီးသော်လည်း ကျွန်တော်တို့ပြောတာမလုံလောက်သေးပါ။ ဤသို့အစ္စရေးအားငြင်းပယ်ခြင်းသည် ဘုရားသခင်၏အချုပ်အချာအာဏာပိုင်သောရည်ရွယ်ချက်ဖြစ်၏၊ အကြောင်းမူကား ဘုရားသခင်သည် အစ္စရေးကို ဖျက်ဆီးပစ်ဖို့ဆုံးဖြတ်ထားသောကြောင့်ဖြစ်၏။ သူသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို လူမျိုးတကာတို့အထဲမှ ရွေးကောက်ခြင်းခံရသူတို့ထံယူဆောင်ပေးဖို့ဆုံးဖြတ်ထားသောကြောင့်ဖြစ်၏။ အစ္စရေးသည်လမ်းပေါ်မှာ

ကန့်လန့်ခံနေ၏။ မြေကြီးကိုဝန်ပိစေသောအရာမှာ သဖန်းပင်တပင်ဖြစ်၏။ ၎င်းကိုဖယ်ရှားပစ်ရမည်၊ သို့မှသာ စပျစ်ဥယျာဉ်အတွင်းမှအခြားသစ်ပင်များကြီးထွားခွင့်ရကြမည်ဖြစ်၏။ ရှင်ပေါလုက ဤအကြောင်းကို (ရောမ ၁၁း၇–၁၁)တွင် အသေးစိတ်သွန်သင်ပေးခဲ့ပြီးဖြစ်၏။

ကုန်လွန်သွားသောနှစ်များအတွင်း ဗျာဒိတ်တော်ဖွင့်ပြခြင်းအလင်းရောင်ပို၍ပို၍တောက်ပလာသလိုပင်၊ အစ္စရေး၏ဒုစရိုက်များသည်လည်း တိုက်ရိုက်အချိုးကျတိုးပွားလာခဲ့သည်။ ဘုရားသခင်ကသည်းခံတော်မူနေခဲ့သည်၊ ထိုသို့အားဖြင့် အပြစ်တရားသည်သူ၏ဇာတိရုပ်အစစ်အမှန်ကိုထုတ်ဖေါ်လာစေဖို့ဖြစ်၏။ သူသည်ချက်ချင်းကြီးတရားစီရင်ရန်ရောက်မလာခဲ့ချေ၊ ထိုသို့အားဖြင့်အပြစ်တရား၏ကြောက်မက်ဘွယ်ကောင်းမှုအလုံးစုံကို ခိုင်လုံစွာတွေ့မြင်နိုင်ဖို့ဖြစ်၏။ ဖြစ်နိုင်ခြေရှိသည်မှာ ဆိုးညစ်သူများသည် ခေတ္တခဏမျှ ဘုရားတရားကြည်ညိုခြင်းမျက်နှာဖုံးစွပ်၍အယောင်ဆောင်ကာနေနိုင်၏၊ သို့သော် ဗျာဒိတ်တော်ဖွင့်ပြခြင်း၏အလင်းရောင်က သူတို့၏မျက်နှာဖုံးများကိုထိုးဖောက်ကာ သူတို့၏ဆိုးညစ်သောနှလုံးသားထဲမှအပြစ်အားလုံးကို ထုတ်ဖေါ်ပစ်လိုက်တော့သည်။

ဤသို့ဖြစ်ခြင်း၏ရလဒ်မှာ အစ္စရေးသည်နောက်ဆုံးတွင်ဘုရားသခင်၏ခရစ်တော်ကိုပင် ဆန့်ကျင်တိုက်လှန်၍ ကျိန်ခြင်းခံရာသစ်တိုင်မှာသံချောင်းနှင့်ရိုက်ထားလိုက်သည်။ ထိုအခါမှာတော့ ခေတ်တကာခေတ်၏အကြီးဆုံးရာဇဝတ်မှုကိုကျူးလွန်လိုက်ပါပြီ။ အပြစ်တရားသည်လဲ သူ့ဇာတိရုပ်အမှန်အတိုင်းပေါ်ထွက်လာပါပြီ။ ကျူးကျော်စော်ကားခြင်းသည် သူ့ကြောက်မက်ဖွယ်ရာလက္ခဏာအစစ်အမှန်ကိုဖေါ်ပြလိုက်တော့သည်။ ဘိသိက်ခံရှင်ဘုရင် (ခရစ်တော်)သည် ကျိန်ခြင်းခံရာလက်ဝါးကပ်တိုင်ပေါ်မှာ ထိုအချိန်ကအသင်းတော်၏လှောင်ပြောင်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းပြုလျက်ချိတ်ဆွဲထားခြင်းခံရသည်။ ထို့အတူ ဘုရားသခင်ကသူ့လူများအတွက်ပြင်ဆင်ပေးထားသော (အပြည့်စုံဆုံးကယ်တင်ခြင်း)ကို ထုတ်ဖေါ်ပြသလိုက်သောအချိန်တွင်၊ ဂျူးတို့၏လမ်းလွဲလိုက်သောအသင်းတော်က ထိုလက်ဝါးကပ်တိုင်ရှေ့တွင်ရပ်ကာ သခင်ခရစ်တော်ကိုအားရပါးရလှောင်ပြောင်သရော်ခြင်း (သူတို့၏အပြစ်တရားကိုအပြည့်စုံဆုံးထုတ်ဖေါ်ခြင်း) ပြုလိုက်ကြသည်။

ဤအရာသည် ခေတ်အဆက်ဆက်မှန်ကန်ခဲ့ပါ၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းက တောက်ပအားကောင်းစွာတိုးပွားလာလေလေ၊ အပြစ်တရားသည်ပို၍ထင်ရှားစွာထုတ်ပြလာလေလေဖြစ်သည်။ ဆိုးညစ်သူတို့သည် သမ္မာတရားကိုမုန်းတီးကြပြီး၊ ဆန့်ကျင်တိုက်လှန်ကြမြဲဖြစ်သည်။ အမြဲတမ်းပင် ကယ်တင်ခြင်းလမ်းကိုအကောင်းဆုံးသိနားလည်သူများသည် ထိုလမ်းကိုအခါးသည်းဆုံးရွံမုန်းသူများဖြစ်နေတတ်၏။ ထို့နောက်တွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းက အပြည့်စုံဆုံးထုတ်ဖေါ်ပြလာသောအခါတွင် ဆိုးညစ်သောသူတို့က ဘုရားသခင်၏သားတော်ကိုလက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်ထားလိုက်ကြပြီး၊ လူရှေ့သူရှေ့အရှက်ခွဲလိုက်ကြ၏(ဟေဗြဲ၆း၆)။ ဤသို့အားဖြင့်ဆိုးညစ်ခြင်းခွက်ဖလားသည် ပြည့်လျှံသွားတော့၏၊ အကြောင်းမူကား အပြစ်တရားသည်အထွတ်အထိပ်သို့ရောက်သွားသောကြောင့်ဖြစ်၏။

ဤအရာသည် ဘုရားသခင်ကအချုပ်အချာအာဏာပိုင်စွာဖြင့် ကြိုတင်ဆုံးဖြတ်ထားခြင်းသာဖြစ်ပြီး၊ သူတပါးတည်းကသာသက်သေပြနိုင်ဖို့အတွက်ဖြစ်၏။ သဖန်းပင်ကိုလုံးဝခုတ်လှဲလိုက်သောအချိန်တွင် တရားမျှတမှုအပြည့်ဖြင့်လုပ်လိုက်ခြင်းသာဖြစ်၏။ ဤအချက်အားဖြင့် လူသားသည်သူ့ဟာသူနောင်တရ၍ ဘုရားသခင်ထံသို့ပြန်လှည့်မလာနိုင်ကြောင်း ထာဝရသက်သေပင်ဖြစ်တော့၏။ သူလုပ်သမျှအားလုံးသည် အပြစ်ထဲမှာတိုးပွားလာခြင်းနှင့် သူ၏ကျူးကျော်စော်ကားမှုကို အလျှင်အမြန်ပွားများစေခြင်းသာဖြစ်၏။

မည်သို့ဖြစ်စေ ဘုရားသခင်သည်တရားမျှတကြောင်း ထင်ရှားနေဆဲဖြစ်၏။ သူပြုသမျှအရာအားလုံးကိုသက်သေထူလျက်ရှိ၏။ လူသားအားလုံးကိုအုပ်စိုးသော ကောင်းကင်နှင့်မြေကြီး၏အချုပ်အချာအာဏာပိုင်ရှင်ဘုရားသခင်သည် ယခုအခါ ဆိုးညစ်မှုအားလုံးကိုတရားစီရင်မည့် ဖြောင့်မတ်သောတရားသူကြီးအဖြစ်ပေါ်ထွန်းလာပါ၏။ ထို့အတူ ဆိုးညစ်သူတို့သည် ထာဝရဖျက်ဆီးခြင်းခံရာသို့ပစ်ချခံရပြီး နှိပ်စက်ညှဉ်းပန်းခြင်းခံကြရချိန်တွင်၊ သူတို့သည်ဘယ်တော့မှဓောဒကတက်နိုင်စွမ်းရှိကြမည်မဟုတ်ပါ။ သူတို့အမှန်တရားကိုသိကြသည်၊ သို့သော်မုန်းတီးကြသည်။ သူတို့သခင်ခရစ်တော်ကိုတွေ့ခဲ့ကြသည်၊ သို့သော်လက်ဝါးကပ်တိုင်တင်၍သတ်လိုက်ကြသည်။ ထိုသို့ဖြစ်သောကြောင့် သူတို့သည် (သူတို့၏အသိစိတ်ထဲတွင်လဲ အောင်မြင်စွာသက်သေပြသောသူ) ဘုရားသခင်၏တရားမျှတစွာပြစ်ဒဏ်ချမှတ်ခြင်းကိုခံစားကြရသည်။ ဤနည်းလမ်းအားဖြင့်ဘုရားသခင်သည် ဘုန်းတန်ခိုးကိုခံစားရ၏။

ကျွန်တော်ပြောခဲ့ပြီးဖြစ်သလိုပင်၊ ဘုရားသခင်၏(တရားမျှတခြင်းကိုထုတ်ဖေါ်ပြသခြင်း) ရည်ရွယ်ချက်နောက်ကွယ်တွင် သူ၏(အပြစ်တရားကို ဖြောင့်မတ်စွာတရားစီရင်ခြင်းကို ထုတ်ဖေါ်ပြသခြင်းနည်းလမ်းအားဖြင့်ပြည့်စုံစေလိုက်သောအရာဖြစ်သော) အချုပ်အချာအာဏာပိုင်စွာပြစ်တင်ရှုတ်ချခြင်းအမိန့်ဒီကရီ တည်ရှိနေ၏။ ဘုရားသခင်သည် သူလုပ်သမျှသောအရာအားလုံးအပေါ်တွင် အမြဲတမ်းအချုပ်အချာအာဏာပိုင်သောသူဖြစ်ပါ၏။

## ဘုရားသခင်၏သည်းခံတော်မူခြင်းအပေါ် အပြုသဘောရှုထောင့်မှကြည့်ရှုခြင်း

ဘုရားသခင်သည်လည်း တရားစီရင်ဖို့ရာချက်ချင်းမလာရောက်သောအခါတွင် အပြုသဘောရည်ရွယ်ချက်တခုရှိနေပါ၏။ ဤရည်ရွယ်ချက်သည် ရွေးကောက်ခြင်းခံရသူများကိုကယ်တင်ခြင်းပေးသည့်အချိန်ပြည့်စုံခြင်းသို့ရောက်သွား၏။

ကျွန်တော်တို့သိကြပြီးသည့်အတိုင်း၊ ထိုရွေးကောက်ခြင်းခံရသူများသည် ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း မြေကြီးပေါ်ရှိလူမျိုးအားလုံးတို့အထဲမှစုသိမ်းထားခြင်းဖြစ်၏။ အစ္စရေးအမျိုးသည် တပါးအမျိုးသားများကယ်တင်ခြင်းခံစားရဖို့အရေး ဘေးဖယ်ထားခြင်းခံရ၏(ရောမ ၁၁း၇–၁၁)။ ဘုရားသခင်၏ရည်ရွယ်ချက်သည် သူ၏လူများနှင့်အသင်းတော်ကို ဂျူးတမျိုးထဲတွင်သာကန့်သတ်မထားဘဲ၊ ဂျူးလဲပါ၊ တပါးအမျိုးလဲပါသည့် ကမ္ဘာလုံးဆိုင်ရာစစ်စစ်ထဲမှစုစည်းထားသောအသင်းတော်ကိုတည်ထောင်ဖို့ဖြစ်၏။

အစ္စရေးအမျိုးလမ်းလွဲလိုက်သွားသော်လည်းဘုရားသခင်ကသူ့အတွက်အကြွင်းအကျန်တချို့ကို(ရွေးကောက်ခြင်းကျေးဇူးတော်အရ) အမြဲတမ်းလိုပင်ချန်လှပ်ထားမြဲဖြစ်၏။ ပမာဏအားဖြင့်အလွန်သေးငယ်လျှင်သော်မှ ကြွင်းကျန်နေမြဲဖြစ်၏။ အသင်းတော်သည်ပို၍ပို၍ပျက်စီးယိုယွင်းလာပြီး၊ ဆိုးညစ်မှုများတိုးပွားလာသော်လဲ ဘုရားသခင် ၏တန်ခိုးတော်နှင့်ကျေးဇူးတော်အားဖြင့်ခံနိုင်စွမ်းပေးထားသော ဘုရားသခင်၏သစ္စာရှိသူ၊ ခရစ်တော်၏ရွေးကောက် ခံသူများ ရှိနေမြဲဖြစ်၏။

အစ္စရေးအမျိုးထဲမှရွေးကောက်ခြင်းခံရသူအကြွင်းအကျန်များသည် သခင်ယေရှု၏သာသနာတော်အတွင်းတွင်လည်းရှိနေခဲ့ကြသည်။ ထိုသူများအထဲတွင်–မာရိနှင့်ဂျိုးဇက်၊ ဇာခရိနှင့်အဲလိဇဘက်၊ ဆိမီယွန်၊ အဲနာ၊ ဗက်လင်တောင်ကုန်းပေါ်မှသိုးကျောင်းသားအချို့တို့လဲပါဝင်ကြသည်။ သခင်ခရစ်တော်၏သာသနာခရီးစဉ်တလျှောက်တွင် လဲ ဆက်၍ပေါ်ထွက်လာကြသည်။ အကယ်၍သာ အစ္စရေးအမျိုးဖျက်ဆီးခြင်းခံခဲ့ရပါလျှင် ထိုသူများကယ်တင်ခြင်းခံစားရတော့မည်မဟုတ်ပါ။ အမြင့်ဆုံးသောဘုရားသခင်၏လျှို့ဝှက်နက်နဲသောဉာဏ်ပညာတော်နှင့် အချုပ်အချာအာဏာပိုင်သောကျေးဇူးတော်ထဲတွင် တရားစီရင်ခြင်းသည်ချက်ချင်းမပေါ်ပေါက်တတ်ပါ။ ထိုသို့အားဖြင့် ဤအမျိုး၏အဆုံးသတ်ချိန်မရောက်သေးခင်မှာ ရွေးကောက်ခံကြွင်းကျန်သူတို့ကိုစုစည်း၍ကယ်တင်ခြင်းခံစားနိုင်စေဖို့ဖြစ်၏။

ဤအခြေခံစည်းမျဉ်းသည် အမြဲတမ်းမှန်ကန်၏။ ကမ္ဘာကြီးသည် တရားစီရင်ခြင်းခံရဖို့အမြဲတမ်းထိုက်တန်နေသော်လည်း ဘုရားသခင်သည်ယခုချက်ချင်းတရားစီရင်ဖို့ကြွမလာပါ၊ မနက်ဖြန်လဲကြွလာဦးမည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် နောက်ဆုံးသောတရားစီရင်ခြင်းရောက်မလာမီတွင် ဦးစားပေးစုသိမ်းရမည့် သူကိုယ်တိုင်ရွေးကောက်ထားသည့် ကြွင်းကျန်သူများရှိနေသေး၍ဖြစ်သည်။ ဤကြွင်းကျန်သူများအတွက်ကြောင့်ပင် ဘုရားသခင်က (ဆိုးညစ်သူတို့ကြောင့်ဖြစ်ပေါ်နေသော) သူ၏ဒေါသနှင့် ပြင်းထန်စွာအမျက်ထွက်ခြင်းတို့ကို ထိန်းချုပ်ထားရခြင်းဖြစ် ၏။ ဤအကြောင်းကို အနည်းငယ်ခြားနားသောစကားနှင့်ပြောရလျှင်– ဘုရားသခင်သည်ဆိုးညစ်သောသူတို့အား တ ရားမျှတစွာစီရင်ချက်ချခြင်းအားဖြင့် သူ၏အမျက်ဒေါသနှင့်တရားမျှတခြင်းတို့ကိုထုတ်ဖော်ပြသဖို့ ရည်ရွယ်ထားယုံမျှ သာမကဘဲ၊ အသင်းတော်အားကယ်တင်ခြင်းအားဖြင့် သူ၏သနားဂရုဏာနှင့်ချစ်ခြင်းမေတ္တာတို့၏နက်ရှိုင်းမှုကို ထုတ်ဖော်ပြသဖို့အတွက်လဲ ဆုံးဖြတ်ချက်ချထားပါ၏–ဟူ၍ဖြစ်သည်။ ရွေးကောက်ခြင်းခံသူအားလုံး တယောက်မကျန်ကယ်တင်ခြင်းခံရပြီးသောအချိန်ကျမှသာ ဘုရားသခင်၏အနှိုင်းမဲ့နက်ရှိုင်းသော သနားဂရုဏာနှင့်ချစ်ခြင်းမေတ္တာတို့အပြည့်အဝပေါ်လွင်ထင်ရှားနိုင်မည်ဖြစ်၏။ ဆိုးညစ်သောသူတို့အားသည်းခံတော်မူခြင်းသည် ရွေးကောက်ခံသူတို့ကယ်တင်ခြင်းခံစားရရေးတည်းဟူသောရည်မှန်းချက် အကောင်အထည်ပေါ်ဖို့အတွက်ဖြစ်ပေ၏။

သမ္မာကျမ်းစာတွင် ဤအကြောင်းသရုပ်ဖော်ချက်များဖြင့်ပြည့်လျှံနေပါ၏။ ဆိုးညစ်သော'သောဒုံ'မြို့သည် ရွေးကောက်ခံသူ'လောတ'ကို ကယ်ဆယ်၍မပြီးမချင်း လွှတ်ပေးထားခြင်းခံရ၏။ ဆိုးညစ်သောအစ္စရေးသည် ကြွင်းကျန်သူများကို စုသိမ်း၍မပြီးမချင်း လွှတ်ပေးထားခြင်းခံရ၏။ ရှင်ပေါလုက ဤအကြောင်းကို (ရောမ ၉း၂၂–၂၄)တွင်သင်ကြားပေးထား၏။

ရှင်ပေတရုကလဲ–"လူအချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာနှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည်နောင်တရစေခြင်းငှာအလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏"(၂ပေတရု ၃း၉)–ဟု မှတ်သားဘွယ်ရာအမှန်တရားကိုသွန်သင်ပေးထား၏။

ထိုကဲ့သို့ပင်ဖြစ်၏ ဘုရားသခင်သည်သူ့အသင်းတော်ကို နောင်တရခြင်းလမ်းအားဖြင့်ကယ်တင်ပေးနေ၏။ ဘုရားသခင်၏တရားစီရင်ခြင်းမှလွတ်မြောက်ဖို့ တခုတည်းသောလမ်းမှာနောင်တရခြင်းသာဖြစ်၏၊ အခြားနည်းလမ်း

မရှိပါ။ ဤအချက်သည်အစ္စရေးတို့အတွက်လဲ (သူတို့ကိုယ်သူတို့ဘုရားသခင်၏လူဖြစ်ကြသည်ဆိုပြီး၊ သူတို့၏ဖြောင့်မတ်ခြင်း၊ ပညတ်တရားစောင့်ထိန်းခြင်းများတွင်ဝါကြွားနေကြသော်လည်း) မှန်ကန်၏။ ဤအချက်သည်အမြဲတမ်းမှန်ကန်နေ၏။ ဘုန်းထင်ရှားရာနေရာသို့ (အပြစ်တရားအတွက် ဝမ်းနည်း၍ကျသောမျက်ရည်များ ဖုံးလွှမ်းနေသောလမ်း) မှတပါးအခြားလမ်းမရှိပါ။ ကောင်းကင်သို့သွားဖို့ရန် (ကျိုးပဲ့ကြေမွသောစိတ်ဝိညာဉ်နှင့် မှားယွင်းမှုအတွက်နက်ရှိုင်းစွာနောင်တရသောနှလုံးသား–တံခါး) မှတပါးအခြားတံခါးမရှိပါ။ အကြောင်းမူကား–နောင်တရခြင်းဆိုသည်မှာ အပြစ်အတွက်ခါးသည်းစွာဝမ်းနည်းရခြင်းနှင့် ခွင့်လွှတ်ခြင်းခံရဖို့မျှော်လင့်ခြင်းတို့ကို ထုတ်ဖေါ်ပြသခြင်းဖြစ်သောကြောင့်ပေတည်း။ နောင်တရခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်တော်ကိုရှာဖွေခြင်းနှင့် အပြစ်တရားမှခွင့်လွှတ်ခြင်းရဖို့ ထိုလက်ဝါးကပ်တိုင်တခုတည်းတွင်သာရှာဖွေခြင်းပင်ဖြစ်၏။ နောင်တရခြင်းသည်– အပြစ်စီရင်ခံရခြင်းမှတပါး အခြားထိုက်တန်မှုဘာတခုမှမရှိသော ကျွန်တော်တို့၏လုပ်ရပ်မှန်သမျှကို ရွံ့ချ၊စွန့်ပစ်၍ ဒုက္ခဝေဒနာခံစားသူသခင်ဘုရားထံသို့ (သူ၏သွေးသံရဲရဲကိုယ်ခန္ဓာတော်တွင်အပြစ်ခွင့်လွှတ်ခြင်းရှာတွေ့ဖို့ရန်) အမြန်ဆုံးထွက်ပြေးသွားခြင်း–ပင်ဖြစ်၏။ နောင်တရခြင်းသည်ဘုန်းတန်ခိုးခံစားဖို့သွားရာလမ်းဖြစ်သည်၊ အကြောင်းမှာ လက်ဝါးကပ်တိုင်လမ်းသည် အိမ်ပြန်လမ်းဖြစ်၍ဖြစ်သည်။ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်သည် အသင်းတော်၏ကယ်တင်ခြင်းပင်ဖြစ်သည်။ ခရစ်တော်တည်းဟူသောခိုင်မာသောကျောက်ဆောင်ပေါ်တွင်ကျွန်တော်တို့ရပ်တည်ကြသည်၊ အခြားရပ်တည်ရာမှန်သမျှသည် သဲဗွက်ကျွံမြေများသာဖြစ်ကြသည်။

သို့သော် ဤနောင်တရခြင်းစိတ်သဘောသည် ဘုရားသခင်၏လက်ဆောင်ဖြစ်သည်။ ကျွန်တော်တို့အထဲမှထွက်မလာနိုင်ပါ။ ဤအချက်သည် အစ္စရေးအတွက်လဲမှန်ကန်သည်၊ အမြဲတမ်းအတွက်လဲမှန်ကန်သည်။ ဘုရားသခင်ကသူ့လူများ၏နှလုံးသားထဲတွင် နောင်တတရားဖြစ်ပေါ်လာအောင်လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဘုရားသခင်ကခေါင်းမာလွန်းသောအပြစ်လွှမ်းသည့်နှလုံးသားများကို ရိုက်ခွဲပစ်လိုက်ပြီး၊ ပုန်ကန်ထကြွတင်းမာနေသော နှလုံးသားများကိုပျော့ပြောင်းသွားစေသည်။ ဘုရားသခင်က ကျွန်တော်တို့၏မျက်ဝန်းထဲတွင် ဝမ်းနည်းခြင်းနှင့်နောင်တရခြင်း၏ မျက်ရည်ပူများယူဆောင်လာပေးသည်။ ဘုရားသခင်ကသူ့လူများကိုလက်မှဆွဲ၍ လက်ဝါးကပ်တိုင်သို့ခေါ်ဆောင်လိုက်သည်။ လက်ဝါးကပ်တိုင်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာထုတ်ဖေါ်ပြသခြင်းသင်္ကေတဖြစ်သလိုပင်၊ အပြစ်သားရွေးကောက်ခံသူများ၏နောင်တရခြင်းသည် သူတို့၏နှလုံးသားထဲသို့ကျယ်ပြန့်စွာသွန်းလောင်းလိုက်သောဘုရားသခင့်ချစ်မေတ္တာ၏ အသီးအပွင့်ပင်ဖြစ်သည်။ လက်ဝါးကပ်တိုင်၏အလင်းရောင်သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ကျွန်တော်တို့၏မျက်စိရှေ့တွင်သာမက နှလုံးသားထဲတွင်ပါထွန်းလင်းလာသောအခါတွင်သာ–"ခရစ်တော်၏လက်ဝါးကပ်တိုင်တော်ထဲတွင် ငါဘုန်းတန်ခိုးခံစားရပြီ!"–ဟု ကျွန်တော်တို့သီဆိုနိုင်ကြခြင်းဖြစ်သည်။

ဤနောင်တရခြင်းသည် ကောင်းကင်ဘုံသို့သွားရာလမ်းဖြစ်သည်–"သင်တို့နောင်တမရပါက၊ သင်တို့အားလုံး အတူတူပင်ဖျက်ဆီးခံရမည်"(လုကာ ၁၃း၃–၅)–ဟု သခင်ခရစ်တော်က သွန်သင်ပေးထားသည်။ သူ၏လူများအားနောင်တရခြင်းပေးအပ်နေသောဘုရားသခင်သည် အပြည့်အဝ၊ အောင်ပွဲခံလျက်၊ ထာဝရကာလပတ်လုံးဘုန်းထင်ရှားလျက်ရှိပါ၏။ ဘုန်းတန်ခိုးရှိသမျှကျွန်တော်တို့အတွက်မဟုတ်ဘဲ၊ ကောင်းကင်နှင့်မြေကြီးအရှင် အချုပ်အချာအာဏာပိုင်ဘုရားသခင်သာလျှင် ထာဝရကာလပတ်လုံးထိုက်တန်သူဖြစ်ပါ၏။ ဤအကြောင်းသည် ဆိုးညစ်သောသူများကိုတရားမျှတစွာ အပြစ်ဒဏ်ခတ်သောအချိန်တွင်သာမကဘဲ ရွေးကောက်ခြင်းခံသူများကိုဘုန်းထင်ရှားစွာကယ်တင်ခြင်းပေးသောအချိန်အတွက်လဲမှန်ကန်ပါ၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++++++

ဟောရှေ ၁၃း၇–၂၅ (ကျမ်းဘုရင်မူ)

၇ – သင်တို့အား ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြော၍ အုပ်ချုပ်သူများကို သတိရကြပါ။ သူတို့၏ယုံကြည်ခြင်းကို လိုက်နာကြပါ၊ သူတို့မည်ကဲ့သို့ပြုမူကျင့်ကြံလျှက် ဘဝအဆုံးသတ်ကြသည်ကို ဆင်ခြင်ကြပါ။ ၈ – ယေရှုခရစ်သည် မနေ့ကနှင့် ဒီကနေ့၊ ထာဝရတိုင်အောင် ဒီအတိုင်းမပြောင်းမလဲရှိနေပါသည်။ ၉ – ထို့ကြောင့် မျိုးစုံသော၊ ဆန်းပြားသော ဩဝါဒများ၏ သယ်ဆောင်သွားခြင်းကို မခံကြနှင့်။ အဘယ်ကြောင့်ဆိုသော် နှလုံးသားသည် အစားအစာဖြင့်မဟုတ်ဘဲ၊ ကျေးဇူးတော်ဖြင့် ခိုင်မာစွာရှိခြင်းသည် အလွန်ကောင်းပါသည်၊ ထိုအစာများကို ရရှိပိုင်ဆိုင်ထားသူများအား ဘာမှအကျိုးဖြစ်ထွန်းစေသည်မဟုတ်ပါ။ ၁၀ – တဲတော်၌အမှုဆောင်သူများ စားခွင့်မရှိသည့် ယဇ်ပလ္လင်တခု ငါတို့၌ရှိပါသည်။ ၁၁ – အဘယ်ကြောင့်ဆိုသော အသွေးကိုယူ၍ သန့်ရှင်းရာအခန်းထဲသို့ ယဇ်ပုရောဟိတ်မင်းက အပြစ်ဖြေရန် ယူဆောင်သောယဇ်ပူဇော်သည့်တိရိစ္ဆာန်၏ခန္ဓာကိုယ်များကို စခန်းချရာအပြင်၌ မီးရှို့ရပါ

သည်။ ၁၂ – ထို့အတွက်ကြောင့် သခင်ယေရှုသည် သူ့လူတို့ကို မိမိအသွေးနှင့်သန့်ရှင်းစေရန်၊ မြို့ပြင်တွင် အသေခံ
ခြင်းဖြစ်သည်။ ၁၃ – ထို့ကြောင့် ငါတို့သည် မြို့ပြင် သူ့ရှိရာသို့ သွားကြလျှက် သူခံရသော အရှက်တကွဲဖြစ်ရခြင်းကို
ခံယူကြမည်။ ၁၄ – အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် ငါတို့အတွက် မပြတ်တမ်းတည်ရှိသော မြို့တော် မရှိပါ၊
သို့သော် ငါတို့သည် နောက်လာမည့်မြို့တော်ကို ရှာကြပါသည်။ ၁၅ – ထို့ကြောင့် ငါတို့သည် သူ့အားဖြင့် ဘုရားသ
ခင်ထံ ချီးမွမ်းခြင်းယဇ်ကို ပူဇော်ကြပါမည်၊ ဆိုလိုသည်မှာ ငါတို့ နှုတ်ခမ်းများဖြင့် သူ၏နာမတော်ကို ကျေးဇူးတင်စ
ကားပြောခြင်းဖြစ်သည်။ ၁၆ – သို့သော် ကောင်းမွန်စွာနေထိုင်ခြင်း၊ အခြားသူထံဝေမျှပေးကမ်းခြင်းတို့ကို မမေ့ကြ
နှင့်၊ အဘယ်ကြောင့်ဆိုသော် ထိုသို့သောယဇ်များက ဘုရားသခင်ကို တကယ်ကျေနပ်စေပါသည်။ ၁၇ – သင်တို့အား
အုပ်စိုးသူများကို နာခံကြပါ၊ မိမိကိုယ်ကို အပ်နှံကြပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် သင်တို့ ၏ဝိညာဉ်များကို
စောင့်ရှောက်ကြခြင်းဖြစ်သည်၊ သူတို့သည်လည်း ဘုရားသခင်နှင့်စာရင်းရှင်းကြရမည်ဖြစ်သဖြင့်၊ ထိုအမှုကို ဝမ်း
မြောက်စွာထမ်းဆောင်ကြရမည်၊ စိတ်ပျက်လက်ပျက်နှင့် ပြုကြရမည်မဟုတ်၊ ထိုသို့ပြုလျှင် သင်တို့အတွက် ဘာမှအ
ကျိုးရှိမည်မဟုတ်။ ၁၈ – ငါတို့အတွက်ဆုတောင်းပေးကြပါ၊ အဘယ်ကြောင့်ဆိုသော် ငါတို့၌ ကောင်းသောသြတ္တပ္ပ
စိတ်ရှိသည်ဟု ယုံကြည်ကြသည်၊ အရာခပ်သိမ်း၌ရိုးသားစွာ နေချင်ကြသည်။ ၁၉ – သို့သော် ငါ့အတွက် ဤသို့ဆု
တောင်းပါဟု တောင်းချင်ပါသည်၊ ငါ သင်တို့ထံ အမြန်ပြန်လာနိုင်ရန်ဖြစ်သည်။ ၂၀– ယျှတွင် ငါတို့သခင်ယေရှု၊
ကြီးမြတ်သောသိုးထိန်းကြီး၊ အသွေးတော်ဖြင့် ထာဝရပဋိညာဉ်တည်စေသူကို သေခြင်းမှပြန်ခေါ်သူ ငြိမ်းချမ်းခြင်း၏
ဘုရားသခင်သည်၊ ၂၁– သင်တို့ကို ပြည်စုံသူများဖြစ်စေမည်၊ သူ၏အလိုတော်အား အားလုံးသောကောင်းသော
အပြုအမူတိုင်းတွင် ပြုနိုင်သူများ ဖြစ်စေမည်၊ သူ၏ရှေ့တော်တွင် ကျေနပ်စရာကောင်းခြင်းကို သင်တို့အထဲ၌ ယေရှု
ခရစ်တော်အားဖြင့် လုပ်ပေးမည်၊ ထိုသို့ပြုပေးသူသည် ထာဝရမှထာဝရသို့တိုင် ဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူပါ
စေ၊ အာမင်။ ၂၂ – ထို့အပြင် ညီအကိုတို့ အနည်းငယ်သောစကားလုံးတို့ဖြင့်ရေးထားသည့် ငါ၏တိုက်တွန်းသော
စာကို နားထောင်ပါဟု ငါတိုက်တွန်းပါသည်။ ၂၃ – ငါတို့ညီအကို တိမောသေ လွတ်ပြီးကြောင်း သင်တို့သိကြသည်၊
သူမကြာခင်လာခဲ့ပါက သူနှင့်အတူ ငါ သင်တို့ကို တွေ့ရမည်။ ၂၄ – သင်တို့အပေါ်အုပ်စိုးသူများအားလုံးနှင့် သန့်
ရှင်းသူအားလုံးတို့ကို နှုတ်ဆက်ကြပါ၊ အီတလီပြည်သားများကလည်း သင်တို့ကို နှုတ်ဆက်ကြပါသည်။ ၂၅ – သင်
တို့အားလုံး၌ ကျေးဇူးတော်ရှိပါစေ၊ အာမင်။